# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၇၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၆.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၅-၁-၂၀၁၃ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ တက်ရောက်တဲ့ ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦးရှိပြီး တက်ရောက်တဲ့သူဦးရေ ၃၇၂ ဦးဖြစ်တဲ့အတွက်ကြောင့် ခွင့်ပန်ကြားသူ ၅၇ ဦး ရှိပါတယ်။ ၅၇ ဦးအနက် ၃၅ ဦးက ယမန်နေ့ကတည်းက ကြိုတင် ခွင့်ပန်ထားသူများဖြစ်တဲ့အတွက် ယနေ့ခွင့်ပန်ကြားသူ ၂၂ ဦးရဲ့ အမည်ကို ကျွန်တော့်အနေနဲ့ အတည်ပြုပေးပါရန်တင်ပြအပ်ပါတယ်ခင်ဗျား-

(၁) ပုလောမဲဆန္ဒနယ်မဲဆန္ဒနယ်မှ ဦးမောင်လှ ခွင့် ၁ ရက်၊

(၂) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ခွင့် ၁ ရက်၊

(၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၄) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့်၁ ရက်၊

(၅) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၆) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တယ်ဝင်(ခ)ဦးကျန်တဲဝမ် ခွင့် ၁ ရက်၊

(၇) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၈) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၁ ရက်၊

(၉) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင် ခွင့် ၁ ရက်၊

(၁၀) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွှန့် ခွင့် ၁ ရက်၊

(၁၁) အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့် ခွင့် ၁ ရက်၊

(၁၂) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၁၃) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၄) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင ခွင့် ၁ ရက်၊

(၁၅) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၁၆) မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၇) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်၊

(၁၈) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၁၉) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၂၀) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၂၁) ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း ခွင့် ၁ ရက် နှင့်

(၂၂) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန်အတွက် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၂ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ပဲခူးမြို့နယ် ဘုရားကြီးစံပြကျေးရွာမှ မော်လမြိုင်လမ်းပိုင်းအထိ ဖောက်လုပ်ထားသော ၂ လမ်းသွားကားလမ်းအား ၄ လမ်းသွား ကားလမ်းအဖြစ် တိုးချဲ့ဆောက်လုပ်ရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ကိုယ်စား ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်လှိုင်(ဖြူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်း

ဒေသကြီး၊ ဖြူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ မေးမြန်းအပ် သော မေးခွန်းများကို ကိုယ်စားမေးမြန်းမှာ ဖြစ်ပါတယ်။ မေးခွန်းအကြောင်းအရာမှာ ပဲခူးတိုင်း ဒေသကြီး၊ ဝေါမြို့နယ်ဟာ ရန်ကုန်-မော်လမြိုင် ၂ လမ်းသွားကားလမ်းပေါ်တွင်တည်ရှိပြီး အဆိုပါ လမ်းမှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ သွင်းကုန်ထုတ်ကုန်များကို သယ်ယူ ပို့ဆောင်ရာ လမ်းမကြီးဖြစ်သည့်အပြင် မြဝတီနယ်စပ်မှ ပြည်တွင်းသို့ တင်သွင်းလာသော လူသုံးကုန် အမျိုးမျိုးသယ်ဆောင်ရာတွင် အသုံးပြုသောလမ်းမကြီး ဖြစ်ပါတယ်။ နေ့စဉ် ယာဉ်ကြီး ယာဉ်ငယ်မျိုးစုံ အဆက်မပြတ်သွားလာနေသော လမ်းမကြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်-မော်လမြိုင် လမ်းမကြီးရှိ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် ဘုရားကြီးစံပြကျေးရွာမှ မော်လမြိုင် လမ်းပိုင်းအထိ ဖောက်လုပ်ထားသော ၂ လမ်းသွားကားလမ်းကို ၄ လမ်းသွားကားလမ်းအဖြစ် တိုးချဲ့ ဖောက်လုပ်ရန် အစီအစဉ်ရှိ၊ မရှိ။ အစီအစဉ်ရှိသည်ဆိုပါလျှင် မည်သည့်အချိန်တွင် ဆောင်ရွက်ပါ မည်နည်း။ အစီအစဉ်မရှိလျှင် အဘယ်ကြောင့်ပါနည်းသိလို၍ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။ (ဩဘာသံများ)

[ဦးမြင့်ရွှေ၊ ဝေါမဲဆန္ဒနယ်ကိုယ်စား ဦးညွန့်လှိုင်၊ ဖြူးမဲဆန္ဒနယ်က မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထား၍ ကြွရောက်လာသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေရဲ့ကိုယ်စား ဖြူးမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်ကနေပြီးတော့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်း ထားတဲ့ ရန်ကုန်-မော်လမြိုင်လမ်းမကြီးမှာရှိတဲ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် ဘုရားကြီးစံပြ ကျေးရွာမှ မော်လမြိုင်လမ်းပိုင်းအထိ ဖောက်လုပ်ထားတဲ့ ၂ လမ်းသွားကားလမ်းအား ၄ လမ်းသွား

ကားလမ်းအဖြစ် တိုးချဲ့ရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားခွင့်ပြု ပါခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မော်လမြိုင်လမ်းမှာရှိတဲ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာကနေပြီးတော့ မွန်ပြည်နယ် မော်လမြိုင်အထိ လမ်းပိုင်းဟာ မိုင်တိုင် ၆၀ မိုင် ၄ ဖာလုံကနေပြီးတော့ ၁၈၈ မိုင် ၅ ဖာလုံအထိ စုစုပေါင်း မိုင် ၁၂၈ မိုင် ၁ ဖာလုံရှိတဲ့ အပိုင်းဖြစ်ပြီးတော့ ရွှေသံလွင်ကုမ္ပဏီကနေပြီးတော့ ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလမ်းရဲ့ မူလပိုင်ရှင်ကတော့ ကျွန်တော်တို့ရဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနဖြစ်တဲ့အတွက် ဖြေကြား ပေးရခြင်း ဖြစ်ပါတယ်။ လမ်းများကို တည်ဆောက်တဲ့နေရာမှာ အခြေခံအချက်အလက်ပေါင်း များစွာ ရှိတဲ့အနက်မှာ အဓိကအခြေခံထားတဲ့ အချက် ၂ ချက်ကတော့ ပထမအချက်က ဒီလမ်းများပေါ်မှာ ယာဉ်များ များပြားစွာဖြတ်သန်းသွားလာတဲ့အခါမှာ အန္တရာယ်မဖြစ်စေရေးအတွက် လမ်းကိုချဲ့ပေး ရတာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ လမ်းများပေါ်မှာ ဖြတ်သန်းသွားတဲ့ ယာဉ်များရဲ့အလေးချိန် ဟာ များပြားလာတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ လမ်းရဲ့အထုကို မြှင့်ပေးရတာဖြစ်ပါတယ်။ ဒီအခြေခံ အချက်အလက်များအရ ကျွန်တော်တို့မှာ လမ်းချဲ့ဖို့အတွက် စံနှုန်းများသတ်မှတ်ထားတာ ရှိပါတယ် ခင်ဗျား။ အဲ့ဒီစံနှုန်းများကတော့ AADT လို့ခေါ်တဲ့ Annual Average Daily Travis ဆိုပြီးတော့ ကောက်ယူရတာဖြစ်ပါတယ်။ အဲ့ဒီလို ကောက်ယူတဲ့အခါမှာ ယာဉ် ၅၀ တစ်နေ့ ဖြတ်သန်း တဲ့ကားများအတွက် လမ်းအကျယ်ဟာ ၁၂ ပေ သတ်မှတ်ပါတယ်။ ယာဉ်ပေါင်း ၅၀ ကနေပြီးတော့ ၅၀၀ အထိ သတ်မှတ်တဲ့လမ်းတွေအတွက်ကို ၁၈ ပေ သတ်မှတ်ပါတယ်ခင်ဗျား။ တစ်ဖန် ယာဉ် ၅၀၀ ကနေပြီးတော့ ၂၅၀၀ အထိ ဖြတ်သန်းတဲ့လမ်းတွေအတွက်ကို ပေအကျယ် ၂၄ ပေ သတ်မှတ်တာ ဖြစ်ပါတယ်။ ယာဉ် ၂၅၀၀ အထက်သတ်မှတ်တဲ့ လမ်းတွေကိုတော့ လမ်းအကျယ် ၄၈ ပေ ၄ လမ်း သွားဆိုပြီးတော့ သတ်မှတ်ထားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဘုရားကြီးစံပြကျေးရွာကနေပြီးတော့ မော်လမြိုင်အထိ ဖြတ်သန်းသွားတဲ့ လမ်းတွေကို နှစ်ပိုင်းခွဲကြည့်မယ်ဆိုရင် ဘုရားကြီး-ကျိုက်ထို အပိုင်းမှာ ကျွန်တော်တို့ ကောက်ယူတဲ့စာရင်းအရ ယာဉ်ဖြတ်သန်းမှုဟာ တစ်နေ့မှာ ၁၁၉၅ စီး ဖြတ်သန်းလျက်ရှိတာကို တွေ့ရှိရပါတယ်။ ဒီ့အပြင် ကျိုက်ထို-သထုံ-မော်လမြိုင် အပိုင်းမှာလည်း ယာဉ်စီးရေကို ကောက်ခံတဲ့အခါမှာ တစ်နေ့ကိုပျမ်းမျှယာဉ်အစီး ၉၀၀ ဖြတ်သန်းလျက်ရှိတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ဒီအခြေအနေအရ ကျွန်တော်တို့ကနေပြီးတော့ ရွှေသံလွင်ကုမ္ပဏီကို မူလ ၁၈ ပေလမ်းကနေပြီးတော့ ၂၄ ပေလမ်းအဆင့်အထိ တိုးချဲ့ပြီးတော့ ကတ္တရာလမ်းမဟုတ်ဘဲနှင့်

နိုင်လွန်ကတ္တရာလမ်းအထိ တိုးချဲ့ ဆောင်ရွက်သွားဖို့ဆိုပြီး ညွှန်ကြားတဲ့အတွက် ဒီလမ်းကို ၂၀၀၉ ခုနှစ်ကပဲ တည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဘုရားကြီးမှ မော်လမြိုင်အပိုင်းဟာ လက်ရှိ တစ်ရက်ပျမ်းမျှယာဉ်ဦးရေစာရင်း နည်းနေသေးပါတယ်။ အကယ်၍ ယာဉ်ဦးရေစာရင်းဟာ ၂၅၀၀ အထက်ကို ရောက်ရှိလာတဲ့အခါမှာ ကျွန်တော်တို့ အနေနဲ့ ၂၄ ပေကတ္တရာလမ်းကနေပြီးတော့ ၄ လမ်းသွား ၄၈ ပေအကျယ် ကတ္တရာလမ်းအထိ ဆောင်ရွက်သွားဖို့ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီကို ညှိနှိုင်းဆောင်ရွက်အကြောင်းကြားမှာ ဖြစ်ပါတယ်ခင်ဗျား။ အထူးသဖြင့် ဝေါမြို့နယ်ဟာ ပဲခူးတိုင်းဒေသကြီးအတွင်းပါဝင်ပြီးတော့ မြို့တွင်းလမ်းအကျယ်ဟာ လုံလောက်တဲ့ ၂၄ ပေ ပြည့်မီပါသော်လည်း မြို့ကွက်အနေအထားအရ ဈေး၊ ကျောင်းစတဲ့ အဆောက်အဦတွေဟာ လမ်းမတန်းပေါ်မှာ တည်ရှိနေတဲ့အတွက် မူလကပင် လူသွားလမ်းရှုပ်ထွေးတဲ့မြို့တစ်မြို့ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီမြို့တွင်းပိုင်းမှာ ကျရောက်နေတဲ့ မိုင်တိုင် ၇၀ ကနေပြီးတော့ ၇၂ အတွင်း ၂ မိုင်ကိုလည်းပဲ တစ်ဖက် ၃ပေစီ အကျယ်ချဲ့ပြီးတော့ ကျောက်ကတ္တရာခင်းပေးဖို့ ရွှေသံလွင်ကုမ္ပဏီကို ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုလည်း ဥက္ကဋ္ဌကြီးရဲ့ခရီးစဉ်မှာ ညွှန်ကြားခဲ့တဲ့အတွက် ၂၀၁၃ ခုနှစ်၊ မတ်လအပြီးဆောင်ရွက်ဖို့အတွက် ရွှေသံလွင်ကုမ္ပဏီကပဲ တာဝန်ယူပြီးစတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ့အပြင် ဘုရားကြီးကနေပြီးတော့ မော်လမြိုင်လမ်းတစ်လျှောက်မှာရှိတဲ့ မြို့ကြီးများကိုလည်းပဲ ဝေါမြို့ကိုချဲ့သလိုပဲ လမ်းတစ်လျှောက်မှာ တစ်ဖက် ကို ၃ ပေစီ တိုးချဲ့ပြီးတော့ နောက်ထပ်အမာခံလမ်း ၃ ပေစီနဲ့ တစ်ဖက် ၆ ပေစီတိုးချဲ့ပြီးတော့ မြို့တွင်းအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီကနေပြီးတော့ အခု ၂၄ ပေ ကတ္တရာဆောင်ရွက်ခဲ့သော်လည်းပဲ ယာဉ်တစ်စီးနဲ့ တစ်စီးရှောင်တိမ်းရခက်တဲ့ အန္တရာယ်ရှိတဲ့ နေရာတွေဖြစ်တဲ့ လမ်းအကွေ့နေရာများမှာတော့ ဒီလမ်းတွေကို အန္တရာယ်ကင်းရှင်းရေးအတွက် ချဲ့ပေးဖို့ စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒီ့အပြင် လမ်းသိပ်ကျဉ်းတဲ့နေရာတွေမှာလည်း လမ်းတာပေါင်ကို ချဲ့ပေးဖို့ဆိုပြီးတော့ ထပ်မံညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရွှေသံလွင်ကုမ္ပဏီအနေနဲ့ ကျွန်တော်တို့ ညွှန်ကြားထားတဲ့အတိုင်း လမ်းအား အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မော်တော်ယာဉ်လိုင်စင် သက်တမ်းတိုးလိုင်စင်ပြုလုပ်ရခြင်းကိစ္စအား တစ်နှစ်တစ်ကြိမ်အစား ၂ နှစ် တစ်ကြိမ် သို့မဟုတ် ၃ နှစ်တစ်ကြိမ်သို့ပြောင်းလဲပြီး သက်တမ်းတိုးလိုင်စင်တိုးခွင့်ပြုပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မော်တော်ယာဉ်လိုင်စင် သက်တမ်းတိုးလိုင်စင်လုပ်ရခြင်းကိစ္စအား တစ်နှစ်တစ်ကြိမ်အစား ၂ နှစ် တစ်ကြိမ် သို့မဟုတ် ၃ နှစ် တစ်ကြိမ်သို့ပြောင်းလဲပြီး သက်တမ်းတိုးလိုင်စင်နှစ်တိုးခွင့်ပြုပေးနိုင်၊ မပေးနိုင်သိရှိလို၍ မေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအဝှမ်း မော်တော်ယာဉ်ပိုင်ရှင်များ ကိုယ်စားတင်ပြအပ် ပါတယ်ခင်ဗျား။ မော်တော်ယာဉ်လိုင်စင်ပြုလုပ်ရာမှာ ကညနမှ တစ်နှစ်တစ်ကြိမ်သက်တမ်းတိုး လိုင်စင်ပြုလုပ်ရသည့်အတွက် ယခုအခါမော်တော်ယာဉ်အစီးရေ များပြားလာသည်ကတစ်ကြောင်း မလိုလားအပ်သောကုန်ကျငွေများရှိ၍လည်းကောင်း မော်တော်ယာဉ်ပိုင်ရှင်များအနေနဲ့ တစ်နှစ်ဆိုတဲ့ အချိန်ဟာ မကြာလိုက်ခင်မှာပဲ နှစ်ပြည့်လာတဲ့အတွက် ကညနသို့လိုင်စင်သက်တမ်းတိုးရတဲ့အလုပ်ကို နှစ်တိုးပေးစေလိုတဲ့ဆန္ဒရှိနေကြတဲ့အတွက် ၂ နှစ်တစ်ကြိမ် သို့မဟုတ် ၃ နှစ်တစ်ကြိမ်အဖြစ်သို့ ပြောင်းလဲလိုင်စင် ဆောင်ရွက်ပေးစေလိုတဲ့ဆန္ဒကိုယ်စီရှိနေကြပါတယ်။ အထူးသဖြင့် ကုန်တင် ယာဉ်ကြီးများနှင့် ခရီးသည်တင်ယာဉ်ကြီးများက ပိုမိုပြီးဆန္ဒပြင်းပြနေကြပါတယ်။ နှစ်တိုးသတ်မှတ်ပြီး ကောက်ခံမည်ဆိုပါကလည်း နိုင်ငံတော်ဝင်ငွေလျော့ကျမသွားသလို ကျသင့်သောတာဝန်ကို ကျေပွန် အောင်ဆောင်ရွက်ပေးလိုစိတ် ယာဉ်ပိုင်ရှင်များမှာ တာဝန်ထမ်းဆောင်လိုစိတ်ရှိကြပါတယ်။ သို့ပါ၍ မော်တော်ယာဉ်လိုင်စင် သက်တမ်းတိုးခြင်း တစ်နှစ်တစ်ကြိမ်အစား ၂ နှစ်တစ်ကြိမ် သို့မဟုတ် ၃ နှစ်တစ်ကြိမ်သို့ပြောင်းလဲပြီး သတ်မှတ်၍လိုင်စင်ဆောင်ရွက်ခွင့်ပေးနိုင်၊ မပေးနိုင်နှင့် အကယ်၍ ခွင့်ပြုပေးနိုင်ပါက မည်သည့်ခုနှစ်တွင်ခွင့်ပြုပေးနိုင်မည်ဖြစ်ကြောင်း မော်တော်ယာဉ်ပိုင်ရှင်များ ကိုယ်စား ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇေယျာအောင်(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီရဲ့မေးမြန်းတဲ့မေးခွန်းအတွက် ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်မှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီက ကြယ်ပွင့်ပြမေးခွန်းအဖြစ် မော်တော်ယာဉ်လိုင်စင် သက်တမ်းတိုးလိုင်စင်ပြုလုပ်ရခြင်းကိစ္စကို တစ်နှစ် တစ်ကြိမ်အစား ၂ နှစ်တစ်ကြိမ် သို့မဟုတ် ၃ နှစ်တစ်ကြိမ်သို့ပြောင်းလဲပြီး သက်တမ်းတိုးခွင့်ပေးနိုင်၊ မပေးနိုင်သိရှိလိုကြောင်းမေးမြန်းထားတာဖြစ်ပါတယ်။ မေးမြန်းလာတဲ့ မှတ်ပုံတင်သက်တမ်း တစ်နှစ်တစ်ကြိမ်အစား ၂ နှစ် တစ်ကြိမ် သို့မဟုတ် ၃ နှစ် တစ်ကြိမ်သို့ပြောင်းလဲသတ်မှတ်ရေးကိစ္စနှင့်ပတ်သက်ပြီးတော့ အလားတူမေးခွန်းကို မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးက ကြယ်ပွင့်ပြမေးခွန်းအဖြစ် မော်တော်ယာဉ်များကို ၃ နှစ်တစ်ကြိမ်သက်တမ်းတိုးဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင်မေးမြန်းခဲ့ပြီးတော့ အဆိုပါမေးမြန်းချက်အပေါ်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားခဲ့ရာမှာ အခြားနိုင်ငံများ၌ ကျင့်သုံးနေသောစနစ်များနဲ့ များစွာကွာခြားမှုမရှိစေရေးနှင့် သက်တမ်းကြာမြင့်ယာဉ်များကို နှစ်စဉ်စစ်ဆေးခြင်းမပြုသဖြင့်ချို့ယွင်းမှုကြောင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကို ကာကွယ်နိုင်စေရေးအတွက် အဓိကမူတည်သုံးသပ်လျက် ဖြေလျှော့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ထိုစဉ်ကဖြေကြားခဲ့ရာမှာ Factory New ဖြင့်တင်သွင်းလာသော မော်တော်ယာဉ်များအတွက် ကနဦးမှတ်ပုံတင်ပြီးနောက် ၃ နှစ်အကြာတွင် ပထမအကြိမ်သက်တမ်းတိုး စစ်ဆေးမှုဆောင်ရွက်မည်ဟုဖြေကြားခဲ့ပါတယ်။ အလားတူပဲ နှစ်လဲမှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်ယာဉ်အများစုရဲ့ သက်တမ်းဟာ ၁၀ နှစ်အောက်လျော့ကျသွားချိန်မှာ လက်ရှိကျင့်သုံးနေတဲ့ တစ်နှစ် တစ်ကြိမ် သက်တမ်းတိုးစစ်ဆေးနေမှုအစား ဖြေလျှော့၍ ၂ နှစ် တစ်ကြိမ် သက်တမ်းတိုးစစ်ဆေးမှုအဖြစ် ပြောင်းလဲသတ်မှတ်ဆောင်ရွက်သွားမည်လို့ ဖြေကြားတင်ပြခဲ့တာဖြစ်ပါတယ်။ ရထားပို့ဆောင်ရေး

ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အဓိကလုပ်ငန်းတာဝန်မှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) ဖြစ်တဲ့အတွက်ကြောင့် ယာဉ်များအား လမ်းပေါ်တွင် အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရေးအတွက် မော်တော်ယာဉ်များ ကြံ့ခိုင်မှုရှိ၊ မရှိ၊ အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ခြင်းရှိ၊ မရှိ၊ တစ်နှစ် တစ်ကြိမ်ယာဉ်စစ်ဆေးပြီးတော့ Road Safety ကောင်းမွန်မှုရှိမှသာလျှင် မှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ခွင့်ပြုလျက်ရှိပါတယ်။ လက်ရှိ မြန်မာ နိုင်ငံရဲ့ကားလမ်းများ၊ မော်တော်ယာဉ်များနှင့် ယာဉ်ပြင်ဆင်မှုအလုပ်ရုံ (Work Shop) များရဲ့ အခြေအနေနှင့် အဆင့်မီမှုအရသွားလာအသုံးပြုနေတဲ့ မော်တော်ယာဉ်များဟာ လိုအပ်တဲ့အတိုင်း အတာအထိ ပြင်ဆင်ဖြည့်ဆည်းပေးနိုင်သော Safety and Road Worthiness အခြေအနေ နည်းပါး သေးကြောင်း၊ ချို့ယွင်းမှုများရှိနေသေးကြောင်း တွေ့ရှိနေရဆဲဖြစ်ပါတယ်။ ကားလမ်းများ အဆင့်အတန်းမြင့်မားလာခြင်း၊ ပြည်တွင်း၌အဆင့်မီယာဉ်များထုတ်လုပ်နိုင်ခြင်း၊ စီးပွားရေးအခြေ အနေအရ ယာဉ်အသစ်များဝယ်ယူတင်သွင်းနိုင်ခြင်းစတဲ့အခြေအနေများရှိလာပါက Road Safety ပိုရှိလာမှာဖြစ်ပြီးတော့ ယာဉ်သက်တမ်းတိုးခြင်းကိုလည်း သက်တမ်းတိုးမြှင့်ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေ၌အများစုဟာ Recondition အသုံးပြုပြီးယာဉ်များကိုသာ တင်သွင်း အသုံးပြုနေဆဲဖြစ်ပါတယ်။ ဒါကြောင့်သာလျှင် Safety ကို အဓိကမူတည်ပြီး တစ်နှစ် တစ်ကြိမ် ပြန်လည်စစ်ဆေးမှတ်ပုံတင်ခြင်းဖြစ်ပါကြောင်းတင်ပြလိုပါတယ်။ လက်ရှိတင်သွင်းနေတဲ့ Factory New ကိုယ်ပိုင်လူစီးယာဉ်ငယ်များကိုတော့ ကနဦးတင်ပြခဲ့တဲ့အတိုင်း ကနဦးယာဉ်စစ်ဆေးပြီးတဲ့ အချိန်ကစပြီးတော့ ယာဉ်စစ်ဆေးခြင်းသက်တမ်း ၃ နှစ်သတ်မှတ်ပေးခြင်းကိုတော့ ၁၅-၁၁-၂၀၁၂ ရက်နေ့မှစပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရထားပို့ဆောင်ရေးဝန်ကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၁၉-၁-၂၀၁၃ ရက်နေ့ နွားထိုးကြီး ခရီးစဉ်မှာ နွားထိုးကြီးမြို့ခံပြည်သူလူထုများ တင်ပြချက်တစ်ခုရှိပါတယ်။ ဒီတင်ပြချက်ကိုလည်း ပြည်ထောင်စုအစိုးရသို့ အကြောင်းကြားပြီးဖြစ်ပါတယ်။ ဝန်ကြီးသိအောင်ထပ်ပြီးတော့ ဒီအခြေအနေ လေးရှင်းလင်းပြောကြားပေးပါမယ်။ နွားထိုးကြီးရောက်ရှိစဉ် နွားထိုးကြီးက ပြည်သူတစ်ဦးက ယခုအခါမှာ တောရွာ၊ မြို့တွေပါမကျန် မော်တော်ဆိုင်ကယ်များစွာ အသုံးပြုလျက်ရှိတယ်။ ဒီမော်တော် ဆိုင်ကယ်များကို ယာဉ်လိုင်စင်လုပ်တဲ့နေရာမှာ ခရိုင်မြို့တွေသွားပြီးတော့ လုပ်နေရပါတယ်။ ဒီလို လုပ်နေတဲ့အတွက် တချို့နေရာတွေမှာဆိုရင် ၁ ညအိပ် ၂ ညအိပ်ထိစောင့်ပြီးလုပ်တဲ့အတွက် အချိန်

ကုန်၊ အလုပ်ပျက်၊ ငွေကုန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမော်တော်ဆိုင်ကယ်များကို မြို့နယ်အလိုက် မှတ်ပုံတင်ရေးနှင့် မြို့နယ်အလိုက်လိုင်စင်လဲလှယ်ရေးကိစ္စဆောင်ရွက်ဖို့လိုကြောင်း ဒီလို တင်ပြတာရှိပါတယ်။ အဲ့ဒီနည်းတူပဲ ဆိုင်ကယ်များကိုတစ်နှစ်တစ်ကြိမ် သက်တမ်းတိုးလဲလှယ်မည့် အစား ၂ နှစ်တန်သည် ၃ နှစ်တန်သည် ဒီလိုလည်းဆောင်ရွက်ပေးနိုင်ရင် ဆောင်ရွက်ပေးဖို့တင်ပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနကစဉ်းစားဆောင်ရွက်နိုင်ဖို့ လွှတ်တော်ကတစ်ဆင့် အကြောင်းကြားတင်ပြခြင်း ဖြစ်ပါတယ်။

**ဦးဇေယျာအောင်(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမိန့်ကြားတဲ့ ဒီမော်တော်ဆိုင်ကယ်များသက်တမ်းတိုးခြင်းကိစ္စနှင့် နောက်မြို့နယ်အလိုက် ဆောင်ရွက်ပေးခြင်းကိစ္စကိုတော့ ကျွန်တော်တို့ အစိုးရအဖွဲ့ကိုတင်ပြပြီးတော့မှ အဆုံးအဖြတ်ရယူပြီးတော့ ကျွန်တော်တို့ဆောင်ရွက်ဖို့တင်ပြပါ့မယ်။

**မော်တော်ယာဉ်အို၊ ယာဉ်ဟောင်းများကို (လိုင်စင်သက်တမ်းလွန်၊ သက်တမ်းပြတ်) သက်ဆိုင်ရာသို့အပ်နှံပြီး နိုင်ငံခြားမှ မော်တော်ယာဉ်တင်သွင်းခွင့်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီမှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်သို့ ကျွန်တော်တင်သွင်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်း မော်တော်ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံလဲလှယ်ရန်နှင့်ဆိုင်တဲ့ မေးခွန်းကိုမေးမြန်းပါမယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိတဲ့ မော်တော်ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံလဲလှယ်ပြီး နိုင်ငံခြားမှ မော်တော်ယာဉ်အသစ်တင်သွင်းခွင့်ပြု ဆောင်ရွက်ခြင်းကြောင့် မော်တော်ယာဉ်အို၊ ယာဉ်ဟောင်းများမှာ အပ်နှံခဲ့ကြပြီး မော်တော်ယာဉ်အသစ်များမှာ နိုင်ငံတော်၏ လမ်းမများပေါ်မှာ သက်ဝင်လှုပ်ရှားသွားလာလျက်ရှိနေသည်ကို မြင်တွေ့နေကြရပြီဖြစ်ပါတယ်။

သို့သော်လည်း မော်တော်ယာဉ်လိုင်စင်သက်တမ်းလွန်၊ သက်တမ်းပြတ် ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာနသည် ရှေးယခင်က သက်တမ်းတိုးဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် သက်တမ်းတိုးရန် အခက်အခဲများကြုံတွေ့ခဲ့ရပြီး အကြောင်းအမျိုးမျိုးကြောင့် လိုင်စင်သက်တမ်းလွန်၊ သက်တမ်းပြတ်ခဲ့ရသော မော်တော်ယာဉ်အို၊ ယာဉ်ဟောင်းများ ကျန်ရှိနေသည်ကို တွေ့မြင်ကြား သိနေရပါတယ်။ ယာဉ်ပိုင်ရှင်များမှလည်း အပ်နှံလဲလှယ်ရန် ဆန္ဒရှိနေကြပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ယင်းမော်တော်ယာဉ်ပိုင်ရှင်များအား ဂရုဏာစာနာထောက်ထားပြီး ဖြေလျှော့မှုများ ဆောင်ရွက်ပေးနိုင်ပါရန်အတွက် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ကျန်ရှိနေသည့် မော်တော်ယာဉ်အို၊ ယာဉ်ဟောင်းလိုင်စင်သက်တမ်းလွန်၊ သက်တမ်းပြတ်များကို သက်ဆိုင်ရာသို့အပ်နှံပြီး နိုင်ငံခြားမှမော်တော်ယာဉ်တင်သွင်းခွင့်ရရှိရန် မည်သို့စီစဉ်ဆောင်ရွက်ပေး မည်ကို ဖြေကြားပေးပါရန် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇေယျာအောင်(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့ မေးခွန်းကို ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်မှ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီမှ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မော်တော်ယာဉ်အို ယာဉ်ဟောင်းများကို လိုင်စင်သက်တမ်းလွန်၊ သက်တမ်းပြတ် သက်ဆိုင်ရာသို့အပ်နှံပြီး ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခွင့်ကို မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းမေးမြန်းထားခြင်း ဖြစ်ပါတယ်။ အဆိုပါ သက်တမ်းကြာမြင့်ယာဉ်များ ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ် တင်သွင်းရေး ဆိုင်ရာကိစ္စနှင့် စပ်လျဉ်းပြီးတော့ ကြယ်ပွင့်မပြမေးခွန်းအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးမှာ မေးမြန်းချက်ကို မှတ်ပုံတင်သက်တမ်း တစ်ဆက်တည်း ၅ နှစ်ကျော် နှစ်ပြတ် ဖြစ်နေတဲ့ ယာဉ်များအားအပ်နှံ၍ အစားထိုးလဲလှယ်ခွင့်ပြုမည်မဟုတ်ကြောင်း ဖြေကြားခဲ့ပြီး ဖြစ်ပါ

တယ်။ သက်တမ်းလွန်၊ သက်တမ်းပြတ်ယာဉ်များအပ်နှံခြင်းနှင့်ပတ်သက်၍ မှတ်ပုံတင်သက်တမ်း တစ်ဆက်တည်း ၅ နှစ်မကျော်သောယာဉ်များကိုသာ ယာဉ်စစ်ဆေးပြီး မှတ်တမ်းမှန်ကန်ပါက သက်တမ်းတိုးခြင်း၊ ပိုင်ရှင်ဆန္ဒအရ ယာဉ်ဟောင်းအပ်နှံဖျက်သိမ်းခြင်းနှင့် အစားထိုးယာဉ်တင်သွင်းခြင်းများကို စီမံချက်စတင်ချိန်မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မှတ်ပုံတင်သက်တမ်း တစ်ဆက်တည်း ၅ နှစ်ကျော်နှစ်ပြတ်နေတဲ့ယာဉ်များဟာ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများ နည်းဥပဒေ ၇ (ဃ)အရ မှတ်ပုံတင်အသစ်လဲလှယ်ရန် ပျက်ကွက်နေသည့်ကာလသည် တစ်ဆက်တည်း ၅ နှစ်ဖြစ်လျှင် အဆိုပါ မော်တော်ယာဉ်၏ မှတ်ပုံတင်အလိုအလျောက်ပျက်ပြယ်စေရမည်ဟူ၍ လည်းကောင်း၊ နည်းဥပဒေ ၁၆(က)(၅) အရ မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းကုန်ဆုံး၍ အသစ်လဲလှယ်ရန် ပျက်ကွက်နေသောကာလမှာ တစ်ဆက်တည်း ၅ နှစ်ပြည့်မြောက်ပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရှိပါတယ်။ သက်တမ်းပြတ်ယာဉ်များ နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များကို ရုံးများအားလုံးသို့ ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီးတော့ အဆိုပါ ၅ နှစ်ကျော် နှစ်ပြတ်ယာဉ်များကို ယာဉ်အိုယာဉ်ဟောင်း စီမံချက်မှာ ဖျက်သိမ်းအပ်နှံ၍ အစားထိုး လဲလှယ်ခွင့်မပြုကြောင်းကို ၃-၁-၂၀၁၂ ရက်နေ့ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာများမှာ သတင်းအဖြစ်လည်းကောင်း၊ အခြားမီဒီယာဂျာနယ်များသို့ သတင်းဖြန့်ဝေ၍ ၃၀-၁၀-၂၀၁၁ ရက်နေ့နှင့် ၂၉-၂-၂၀၁၂ ရက်နေ့တို့မှာ အများပြည်သူသိရှိအောင် ထည့်သွင်းအသိပေးကြေညာခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ၁၉၄၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ မှတ်ပုံတင်သက်တမ်း ၅ နှစ်ကျော် နှစ်ပြတ်တဲ့အတွက်မှတ်ပုံတင်ဖျက်သိမ်းပြီး ယာဉ် ၁၂၂၆၈ စီးရှိပြီးတော့ ယခုမေးမြန်းလာတဲ့ သက်တမ်းလွန်၊ သက်တမ်းပြတ်ယာဉ်အို ယာဉ်ဟောင်းများအပ်နှံပြီး နိုင်ငံခြားမှ မော်တော်ယာဉ် တင်သွင်းခွင့်ကိစ္စနှင့်ပတ်သက်ပြီး မှတ်ပုံတင်သက်တမ်း တစ်ဆက်တည်း ၅ နှစ် မပြတ်သောယာဉ်များကိုသာ ဆက်လက်သက်တမ်းတိုးပြီး ယာဉ်ပိုင်ရှင်ရဲ့ဆန္ဒအရ ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်းအပ်နှံ၍ ပြည်ပမှအစားထိုးယာဉ် တင်သွင်းခွင့်ပြုလျက်ရှိပါကြောင်းနှင့် မှတ်ပုံတင်သက်တမ်း တစ်ဆက်တည်း ၅ နှစ်ကျော် နှစ်ပြတ်နေတဲ့ယာဉ်များကိုတော့ တည်ဆဲမော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်၍ ယာဉ်အို ယာဉ်ဟောင်းအပ်နှံအစားထိုးယာဉ်တင်သွင်းခြင်းကို ခွင့်ပြုနိုင်ခြင်းမရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**လုပ်ပိုင်ခွင့် အာဏာကိုအသုံးပြုနေသော ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းများအား မည်ကဲ့သို့ အရေးယူပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသောမေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့ မေးခွန်းကတော့ လုပ်ပိုင်ခွင့် အာဏာကိုအသုံးပြု၍ ငွေကြေးများအလွဲသုံးစားပြုလုပ်ခြင်း၊ လယ်မြေများကို လယ်တောင်သူမသိဘဲ ရောင်းချခြင်း၊ အများပိုင်အဆောက်အဦများကို မိမိသဘောဖြင့် ရောင်းချခြင်းပြုလုပ်နေသော ကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်းများအား မည်ကဲ့သို့ အရေးယူပေးရန် အစီအစဉ်ရှိသည်ကို သိရှိလိုပါတယ် ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ လုပ်ပိုင်ခွင့်အာဏာကိုအသုံးချပြီး လူထုအပေါ် တွင် ငွေကြေးအလွဲသုံးစားပြုလုပ်ခြင်း၊ ဥပမာ စာသင်ကျောင်းဆောက်လုပ်ခြင်း၊ လမ်းပြုပြင်ခြင်း၊ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်ခြင်း၊ ဆေးပေးခန်းဆောက်လုပ်ခြင်းစသည့် ကောက်ခံရရှိ သည့်ငွေကြေးများကို ငွေစာရင်းရှင်းတမ်းများပြုလုပ်နိုင်ခြင်းမရှိဘဲ အုပ်ချုပ်ရေးမှူး၏ သဘောဖြင့် သုံးစွဲခဲ့ပါသည်။ ထို့အပြင် မသိနားမလည်သော တောင်သူလယ်သမားများအပေါ် အခွင့်ကောင်းယူ၍ လယ်မြေကို ခြံမြေအဖြစ် အခြားသူများကိုရောင်းချခြင်း၊ ကျေးရွာပိုင်သချႋုင်းများကို ရွာလူထုမသိ အောင် ရောင်းချခြင်း၊ သမဝါယမပိုင်မြေနေရာများကို မိမိသဘောဖြင့်ရောင်းချခြင်း၊ ကျေးရွာလမ်း များကို မိမိသဘောဖြင့် အကွက်ချရောင်းချစီမံခြင်း ပြုလုပ်လျက်ရှိပါသည်။ ကျေးရွာသူရွာသားများမှ ငွေစာရင်းရှင်းတမ်းတောင်းခံသောအခါ ငွေစာရင်းမရှင်းနိုင်ဘဲ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး သို့ တိုင်ကြားသည့်အခါမှာလည်းပဲ မြို့နယ်မှခရိုင်သို့လည်းကောင်း၊ ခရိုင်မှမြို့နယ်သို့လည်းကောင်း စစ်ဆေးရေးပြုလုပ်နေရင်းနဲ့ အချိန်ကြန့်ကြာလျက်ရှိပါသည်။ သို့သော် မည်သူ့ကိုမျှ အရေးယူ ဆောင်ရွက်ပေးခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ငွေအလွဲသုံးစားပြုလုပ်ပြီး အကျင့်ပျက်သိက္ခာမဲ့စွာ ပြုလုပ် နေသော အုပ်ချုပ်ရေးမှူးဟောင်းများအား မည်ကဲ့သို့အရေးယူဆောင်ရွက်ခွင့်ရှိသည် မည်သည့်ဌာန သို့ တိုင်ကြားခွင့်ရှိသည်ကို ပြည်သူများကိုယ်စားသိရှိလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခုကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ အခန်း (၅) ပုဒ်မ ၁၁ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုက်နာထိန်းသိမ်းရမည့် ကျင့်ဝတ်များဖြစ်သည့် လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေများ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနဲ့အညီ ဆောင်ရွက်ခြင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊ အရှိန်အဝါကိုအသုံးပြုခြင်း၊ မသမာမှုပြုခြင်းနဲ့ မလျော်သြဇာသုံးခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ ဥပဒေများနဲ့အညီ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း တို့ကို ကျင့်သုံးဆောင်ရွက်ရပါသည်။ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း ပြုလုပ်ခဲ့မယ်ဆိုရင် အဲဒီဥပဒေ အခန်း (၈) ပုဒ်မ ၁၅ အရ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး တစ်ဦးဦးနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးအတည်ပြုချက်ဖြင့် နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းပြုလုပ်နိုင်သည်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြု၍ ငွေကြေးများအလွဲသုံးစားပြုလုပ်ခြင်း၊ လယ်မြေများကို တောင်သူမသိဘဲ ရောင်းချခြင်း၊ အများပိုင်အဆောက်အဦများကို မိမိသဘောဖြင့် ရောင်းချခြင်းပြုလုပ်သော ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းများအား မည်ကဲ့သို့အရေးယူဆောင်ရွက်ခွင့်ရှိသည် မေးခွန်းနှင့် စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဟောင်းများက အဲဒီလို ဥပဒေ၊ နည်းဥပဒေများနဲ့ ညီညွတ်ခြင်းမရှိတဲ့ ဆောင်ရွက်မှုများရှိခဲ့ပါက လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခဲ့ခြင်းဖြစ်တဲ့အတွက် ၎င်းကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေပေါ်မူတည်ပြီးတော့မှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူဆောင်ရွက်ခွင့် ရှိပါတယ်။ မည်သည့်ဌာနသို့ တိုင်ကြားနိုင်သည်မေးခွန်းနဲ့စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံ တိုင်ကြားနိုင်တဲ့အပြင်

သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်ထဲရေး ဝန်ကြီးဌာနတို့ကို အချက်အလက်မှန်ကန်ပြည့်စုံစွာ တင်ပြတိုင်ကြားနိုင်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြို့နယ်ရဲတပ်ဖွဲ့စခန်းများတွင် သက်ဆိုင်ရာမြို့နယ်အတွင်း ရဲသတင်းပေး (Informer) များ ထားရှိပြီး ဆောင်ရွက်လျက်ရှိသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ လို့ဂါဝရပြုပါတယ်ရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ ဖြစ်ပါတယ်။ အဲ့ဒီအပြင် ကျွန်မက လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သလို တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီမှ အဖွဲ့ဝင်တစ်ဦး လည်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီကနေ့ မေးမြန်းရမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း များမှာ သက်ဆိုင်ရာမြို့နယ်အတွင်း ရဲသတင်းပေးလို့ခေါ်သော Informer များထားရှိ ဆောင်ရွက်မှု အခြေအနေကို မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းဖြစ်ပေါ် လာရတဲ့အခြေခံအချက်တချို့ကို ကျွန်မအားတင်ပြခွင့်ပြုပါ။ ၂၈-၁၁-၂၀၁၂ ရက်နေ့ က ကျွန်မတို့ တာမွေမြို့နယ်အတွင်းမှာ ဖုန်းပျောက်တဲ့အမှုတစ်ခုဖြစ်ပွားခဲ့ပြီး မသင်္ကာသူ ကလေးငယ်တစ်ဦးကို တာမွေမြို့နယ်ရဲစခန်းက နယ်ထိန်းနှင့်အဖွဲ့က ၂၈-၁၁-၂၀၁၂ ရက်နေ့ ညနေဆောင်းမှာ လက်ထိပ်ခတ် ပြီးခေါ်ဆောင်သွားခဲ့ပါတယ်။ ခေါ်ဆောင်သွားပြီး ရဲစခန်းအတွင်းမှာရှိတဲ့ အခန်းတစ်ခုမှာ နှိပ်စက် ညှဉ်းပန်းခဲ့ပါတယ်။ အဲဒီကလေးက မခံမရပ်နိုင်လွန်းလို့ တယ်လီဖုန်းကိုခိုးတယ်လို့ ဝန်ခံလိုက်ပါတယ် ရှင်။ အဲဒီအတွက် သက်သေခံပစ္စည်းဘယ်မှာလဲလို့ နယ်ထိန်းနှင့်အဖွဲ့က မေးတဲ့အခါမှာ ၎င်းအလုပ် လုပ်တဲ့ ဘောဂထွန်းလက်ဖက်ရည်ဆိုင်ရဲ့နောက်ဖေးမှာသိမ်းထားပါတယ်လို့ ဝန်ခံခဲ့ပါတယ်။ ဒါ့ကြောင့် နယ်ထိန်းနှင့်အဖွဲ့က သက်သေခံပစ္စည်းကိုရရှိဖို့အတွက် အဲဒီကလေးကို ဆိုင်ကယ် ၄ စီးနှင့်အတူ ရဲများ ယူနီဖောင်းဝတ် ၄ ဦး၊ မာဖီနှင့် ၄ ဦးခန့် စုစုပေါင်း ၈ ဦး သို့မဟုတ် ၉ ဦးခန့်ဟာ ဘောဂထွန်း လက်ဖက်ရည်ဆိုင်ထဲကို ကလေးကိုလက်ထိပ်ခတ်ပြီး ပြန်ခေါ်ခဲ့ပါတယ်။ ကလေးရဲ့ အစ်ကိုအရင်းက အဲဒီဆိုင်ထဲမှာ အလုပ်သမားအဖျော်ဆရာတစ်ဦးပါ။ အဲဒီညီအစ်ကို ၂ ယောက်က ဧရာဝတီတိုင်း ဖျာပုံဒေသကနေ မိမရှိ ဖမရှိ တက်လာပြီး တာမွေမြို့နယ် ဘောဂထွန်းလက်ဖက်ရည်ဆိုင်မှာ အလုပ်

လုပ်လျက်ရှိပါတယ်။ သူ့ရဲ့အကြံဉာဏ်ကတော့ နှိပ်စက်တာမခံနိုင်တာက ကတစ်ကြောင်း အစ်ကိုကြီး ရှိရာ ဒီလက်ဖက်ရည်ဆိုင်ထဲကိုပြန်ဝင်ခဲ့မယ်ဆိုရင် ကူညီလိုကူညီငြားနဲ့ မခိုးဘဲနဲ့ခိုးတယ်လို့ ပြောခဲ့ တယ်လို့ပြောပါတယ်။ သူ့ကိုရဲများက လက်ဖက်ရည်ဆိုင်ထဲကို ပြန်ခေါ်သွားတဲ့အခါမှာ ပြစရာဖုန်း လည်းမရှိတာကြောင့် နောက်ထပ်တစ်ခါ အဖမ်းခံရရင် နှိပ်စက်ခံရဦးမှာ စိုးတဲ့အတွက်ကြောင့်မို့လို့ သူ့ရဲ့အခန်းထဲကိုအဝင် ၎င်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော သစ်သီးဖျော်သမားလေးဖြစ်ပါတယ်။ အဲဒီသစ်သီးဖျော်ခုံမှာရှိသော သစ်သီးလှီးတဲ့ဓားနဲ့ သူ့ရဲ့ ဘဝကို အဆုံးစီရင်ဖို့ မိမိဗိုက်ထဲကို အဆုံး စီရင်ခဲ့တဲ့အမှုပါရှင်။ ဒါပေမယ့် ပါလာတဲ့နယ်ထိန်း In Check က ဒီဓားနဲ့ ထိုးပြီး ကိုယ့်ကိုယ်ကို လုပ်ကြံတဲ့အမှုကို ကမန်းကတန်းထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပါတယ်။ သို့သော်လည်း ဒေါသ အလျှောက်အရ In Check နယ်ထိန်းက ကလေးကို ၎င်းထိန်းသိမ်းလိုက်တဲ့ ဓားနဲ့ ပြန်လည်ထိုးဖို့ ရွယ်ခဲ့ပါတယ်။ ထို့အပြင် စိတ်ဆိုးမာန်ဆိုးနဲ့ ခါးထဲမှာပါတဲ့သေနတ်နဲ့လည်းပစ်ဖို့ ကြံရွယ်ခဲ့ပါတယ်။ အဲဒီအချိန်ဟာ လူစည်ကားတဲ့အချိန်ဖြစ်ပြီး ယုဇနပလာဇာဘေးက ဆိုင်တစ်ဆိုင်ဖြစ်တဲ့အတွက် ကြောင့်မို့လို့ တက္ကစီဂိတ်တွေရော၊ ထမင်းကြော်ဆိုင်တွေရော၊ စားသောက်ဆိုင်တွေရော အများကြီးနဲ့ လူများစွာစည်ကားနေတဲ့အချိန်ဖြစ်ပါတယ်ရှင်။ ကလေးက ကြောက်လန့်တကြားအော်ဟစ်ပြီး ငိုယိုနေ တဲ့အချိန် အဲဒီလိုဆောင်ရွက်နေတဲ့ ရဲဝန်ထမ်းများအားလုံးနဲ့ အတူပါလာသော Informer များက ကလေးကို ကတ္တရာလမ်းမပေါ်ဆွဲချပြီး လူမြင်ကွင်းကြီးမှာ ရိုက်နှက်ကန်ကြောက်မှုများ ပြုလုပ်ခဲ့ တယ်လို့ ကျွန်မသိရှိရပါတယ်။ ဖြစ်စဉ်ရဲ့အကျယ်ချုပ်ကို ကျွန်မကို ရပ်ကွက်မှာရှိသော ရပ်မိရပ်ဖများ နဲ့အတူ ၎င်းရဲ့ အပေါ်ထပ်မှာနေထိုင်သော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကပါ ကျွန်မတို့နှင့်အတူ လာရောက်ညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မ ဆက်လက်ပြီးတော့ စုံစမ်းတဲ့အခါမှာ အဲဒီကလေးကို ရဲများက တက္ကစီနှင့်အတူ ရဲစခန်းကို ပြန်ခေါ်ဖို့ အကူအညီတောင်းသော်လည်း တက္ကစီသမားများက အမြင်မတော်တဲ့အတွက်ကြောင့်မို့လို့ ပြန်လည် ပို့ဆောင်ပေးခဲ့ခြင်းမရှိသည့်အတွက် ဆိုင်ကယ်များနှင့်အတူ စခန်းကို ပြန်ပြီးခေါ်သွားပါတယ်။ ဆိုင်ထဲ ကိုဝင်လာတဲ့အချိန်မှာ ညနေ ၇း၀၀ နာရီခန့်ဖြစ်ပြီး ကလေးကိုနှိပ်စက်ပြီး ပြန်ခေါ်လာတဲ့အချိန်မှာ ည ၁၁း၀၀ ထိုးပြီးလောက်ဖြစ်သွားပါပြီ။ ည ၁၂း၀၀ နာရီထိုးကစပြီး အဲဒီကလေးကို ရဲစခန်းဝင်းထဲမှာ ရှိသောအခန်းတစ်ခန်းထဲမှာ မနက် ၄း၀၀ နာရီထိုးတဲ့အထိ ကိုယ်လုံးတီးချွတ်ပြီး မျက်နှာကို ကြွပ်ကြွပ်အိတ် အမည်းစွပ်ပြီး နှိပ်စက်ခဲ့ကြပါတယ်။ ဒါကိုလည်း နှိပ်စက်တာကို မြင်ခဲ့တဲ့ သက်သေခံ အမှားမှာ လက်မှတ်ထိုးထားတဲ့ Informer လို့ခေါ်တဲ့ ရာအိမ်မှူးတစ်ဦးရဲ့ ထွက်ဆိုချက်နှင့်အတူ

ကျွန်မသိရှိခဲ့ရ ခြင်းဖြစ်ပါတယ်။ လူတစ်ယောက် အသက်ရှူတဲ့အချိန် ၃ ချက်ရှူတဲ့အချိန်မှာ အဲဒီကလေးကို နယ်ထိန်း In Check က ထိုင်ကြည့်နေပြီး ကြွပ်ကြွပ်အိတ်ခေါင်းစွပ်ပြီး နောက်ထပ် အရစ်တစ်ရစ်နှင့် တပ်သားတစ်ဦးက ပွေ့ထားရပါတယ်။ လူတစ်ယောက် အသက် ၃ ချက်ရှူတဲ့အချိန် မှာ အဲဒီကလေးက အသက် ၁ ချက်ပဲရှူပါတော့တယ်။ အဲဒီ Informer က ကလေးအခြေအနေ မကောင်းဘူး။ ကြည့်လည်းလုပ်ပါဦး ဆရာရယ်လို့ပြောတဲ့ အချိန်မှာ အဲဒီ Informer ကပဲ ရဲကို နှာခေါင်းလေးကိုတော့ ဖောက်ပြီး အသက်ရှူခွင့်ပေးလိုက်ပါကွာလို့ပြောတာကို အဲဒီရဲက နှာခေါင်း ဖောက်ပေးလိုက်တဲ့အတွက်ကြောင့်မို့လို့ ကလေးဟာ အသက်ရှင်ခွင့်ရရှိခဲ့တာပါ။ ဒါကို နယ်ထိန်း In Check က စိတ်ဆိုးခဲ့တယ်လို့လည်း ကျွန်မတို့သိရှိခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီအမှုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ချက်ချင်းတင်တဲ့အခါမှာ ဝန်ကြီးချုပ်ရဲ့ ကူညီပံ့ပိုးမှုနဲ့ နာရီပိုင်းအတွင်းမှာပဲ ရန်ကုန် တိုင်းဒေသကြီး ရဲမှူးကြီးဝင်းနိုင်ခေါင်းဆောင်တဲ့အဖွဲ့က စီစဉ်ဆောင်ရွက်ပေးခဲ့လို့ ကျေးဇူးတင်ပါ တယ်။ တစ်ခုတော့ရှိပါတယ်ရှင်။ အဲဒီကလေးကို ဖမ်းတာက ၂၈-၁၁-၂၀၁၂ မှာဖမ်းတာပါ။ တစ်ညလုံး နှိပ်စက်ခဲ့ပြီး ၂၉ ရက်နေ့ မနက် ၁၁း၀၀ နာရီထိုးမှာ ရဲများက တရားရုံးစွဲတင်ခဲ့ပါတယ်။ တရားသူကြီး ကိုအမှုဖွင့်တဲ့အခါမှာ ဒီကလေးကို ၁၉ နှစ်နဲ့ အများသူငှာသွားလာနေသော လမ်းမမှာ မူးယစ်ရမ်းကား ပြီး ဓားတစ်လက်ကိုင်ပြီး ဆောင်ရွက်နေတယ်လို့ အမှုဖွင့်ခဲ့ခြင်း ပုဒ်မ ၁၉(င)နဲ့ အမှုဖွင့်ခဲ့ခြင်း ဖြစ်ပါ တယ်ရှင်။ သို့သော်လည်း ကလေးကိုဖမ်းဆီးတဲ့အချိန်မှာ ရဲခေါင်းဆောင်များ၊ နယ်ထိန်းခေါင်းဆောင် များက ကလေးရဲ့မှတ်ပုံတင်ကိုတစ်ခါတည်း ယူဆောင်သွားခဲ့ပါတယ်။ မှတ်ပုံတင်ထဲမှာ ၁၅ နှစ် ၂ လ ပဲရှိသေးတာကို သိသိကြီးနဲ့ ၁၉ နှစ်နဲ့ တရားစွဲခဲ့ပါတယ်။ ထို့အပြင် ကလေးဟာ ကြောက်လွန်းလို့ သူ့ရဲ့ဆိုင်အတွင်းမှာ ကိုယ့်ကိုယ်ကို ဓားနဲ့ထိုးလိုက်တဲ့အမှုကို အများသူငှာသွားလာနေတဲ့ လမ်းမပေါ် မှာ မူးယစ်ရမ်းကားပြီး ဓားတစ်လက်နဲ့ ရမ်းကားနေတယ်ဆိုတဲ့အမှု ပုဒ်မ ၁၉ (င)နဲ့ဖြစ်အောင် တရားစွဲ တင်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မြို့နယ်တရားသူကြီးကလည်း ၁၉ နှစ်လည်းဖြစ်တယ်။ အများသူငှာ သွား လာနေတဲ့လမ်းမပေါ်မှာ ပုဒ်မ ၁၉(င)နဲ့ အမှုဖွင့်တဲ့အတွက်ကြောင့်မို့လို့ သက်သေများကလည်း သက်သေခံချက်သေသေချာချာ ထွက်ဆိုသွားတဲ့အတွက်ကြောင့်မို့လို့ တရားသူကြီးက အင်းစိန်ထောင် ကို ပို့စေလို့အမိန့်ချမှတ်ခဲ့ပါတယ်။ သို့သော်လည်းပဲ ပြည်သူကိုကူညီပါရစေလို့ပြောထားတဲ့ ပြည်သူ့ ရဲများက တရားသူကြီးချမှတ်ထားတဲ့ဥပဒေကို လွန်ဆန်ပြီး ဒီကလေးကို အင်းစိန်မပို့ဘဲနဲ့ တာမွေ ရဲစခန်းကို ပြန်လည်ခေါ်ဆောင်လာခဲ့ပါတယ်။ အဲဒီ ၂၉ ရက်နေ့ညကတည်းက ၇ ရက်နေ့ညအထိ

၁ဝ ရက်တိတိ တာမွေရဲစခန်းထဲမှာ ချုပ်နှောင်ထားခဲ့ပါတယ်။ ကျွန်မအဲ့ဒီသတင်းကို ပြည်သူများနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ရဲ့ အကူအညီနဲ့ ၃ ရက်နေ့မှာရဲစခန်းထဲမှာ ရောက်ရှိခဲ့ပါ တယ်။ သို့သော်လည်း မြို့နယ်မှူး၊ ဒုတိယမြို့နယ်မှူးနှင့်အတူ စခန်းမှူးအပါအဝင် ရဲအချို့က မမှန်မကန် လိမ်လည်ပြောဆိုခဲ့ပါတယ်။ ဒီကလေးဟာ စခန်းထဲမှာမရှိတော့ပါဘူး။ အင်းစိန်ထောင်ကို ပို့လိုက်ပါပြီလို့ ကျွန်မကိုပြောခဲ့ပါတယ်။ ကျွန်မလွန်စွာစိုးရိမ်မိပါတယ်။ သူ့ရဲ့အစ်ကိုနှင့် ဆိုင်မန်နေဂျာ၊ ဆိုင်ရှင်များ ပြည်သူများနှင့် ကျွန်မရဲ့ လွှတ်တော်ကိုယ်စားလှယ်ရုံးကို လာရောက်အကူအညီ တောင်းခံမှုအရ ဒီကလေးဟာ ကိုယ်တုံးလုံးချွတ်ပြီးတော့ ဝတ်လစ်စလစ်နဲ့ နှိပ်စက်ခံရတယ်။ မျက်နှာကိုလည်း ကြွပ်ကြွပ်အိတ်အမည်းစွပ်ပြီး ၂ ကြိမ်တိတိ နှိပ်စက်ခံရတဲ့အနေအထားမှာ ကလေးကို ကျွန်မ စိုးရိမ်မိခဲ့ပါတယ်။ သို့သော်လည်း ကျွန်မကို မရှိဘူးလို့ ပြောလိုက်တဲ့အတွက်ကြောင့် ဇဝေဇဝါနှင့် စောင့်မျှော်မိခဲ့ပါတယ်။ သို့သော်လည်း သူ့ရဲ့အစ်ကိုက နေ့စဉ်နေ့တိုင်း ကလေးကို ထမင်းသွားပို့ခဲ့ပါတယ်။ အကျီများလည်းလဲလှယ် ပေးခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကလေးဟာ တာမွေအကျဉ်းစခန်းထဲမှာ ရှိနေတယ်ဆိုတာကို သိရှိခဲ့ရပါတယ်။ ၇ ရက်နေ့ မနက်ပိုင်း ၁ဝး၀ဝ နာရီမှာ သူတို့ရုံးထုတ်ပါတယ်။ ကျွန်မ တာမွေစခန်းရုံးကို လိုက်သွားပြီးတော့ တာမွေမြို့နယ် တရားသူကြီး ရုံးခန်းထဲသွားပြီးတော့ ကလေးကို မှတ်ပုံတင်လေးပြပြီး တရားသူကြီးကို ပြမိတဲ့အခါ တရားသူကြီးက ချက်ချင်းကူညီပေးပါတယ်ရှင်။ သူဟာ ၁၉ နှစ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခု အမှုဆွဲတင်တော့မှာကို ကံကောင်းစွာပဲ မှတ်ပုံတင်ပြတော့ ၁၅ နှစ် ၂ လဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကလေးကို အာမခံပေးခဲ့ ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဒီဖြစ်မှုမှာပါဝင်တဲ့ နယ်ထိန်း In Check အပါအဝင် ရဲ ၇ ဦး၊ အဲ့ဒီအပြင် သက်သေကို မမှန်မကန်လက်မှတ်ထိုးပြီး ပါဝင်ဆောင်ရွက်တဲ့ Informer ဟုခေါ်သော ရာအိမ်မှူး ၂ ဦးကိုလည်း ကျွန်မ အရေးယူပေးဖို့တင်ထားပါတယ်။ ဆိုလို သည်ကတော့ ကျွန်မသည် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သလို တရားဥပဒေ စိုးမိုးရေးကော်မတီအဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ မိမရှိ၊ ဖမရှိ ဆင်းရဲပင်ပန်းကြီးစွာနဲ့ လုပ်ကိုင် စားသောက်နေတဲ့ ကလေးငယ်များ၊ မမှန်မကန်တရားဥပဒေဘက်တော်သားရဲ့ စီရင်ဆုံးဖြတ်မှုအောက် မှာ မှားယွင်းစွာခံရတဲ့အတွက်ကြောင့်မို့လို့ ကျွန်မဝန်ကြီးချုပ်ကို ချက်ချင်းတင်ပြတာ ဝန်ကြီးချုပ်က ကူညီပေးခဲ့ပါတယ်။ ကလေးလည်း လွတ်မြောက်ခဲ့ပြီး အမှုလည်းပိတ်သိမ်းခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို ကျွန်မမေးချင်တာကတော့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်

ပြည်ထောင်စုဝန်ကြီးရှင်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့စခန်းများသည် သက်ဆိုင်ရာ မြို့နယ်အတွင်း၌ ရဲသတင်းပေး (Informer) များ ထားရှိလျက် ဆောင်ရွက်လျက်ရှိကြောင်း ကျွန်မကိုယ်တွေ့သိရှိခဲ့ရပါတယ်။ အဆိုပါ ရဲသတင်းပေးများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တရားဝင် အသိအမှတ်ပြုခန့်အပ်ဆောင်ရွက်ပါသလား သို့မဟုတ် အရန်ရဲတပ်ဖွဲ့ဝင်အနေနဲ့ရော ခန့်အပ်ဆောင်ရွက်ပါသလား။ ကျွန်မ ဒါကိုသိရှိလိုပါတယ်။ အကယ်၍များ အဆိုပါနည်းလမ်းတစ်ခုခုနှင့် ဆောင်ရွက်ရာတွင်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုနှင့် ဆောင်ရွက်ရာတွင်လည်းကောင်း ရဲသတင်းပေး (Informer) များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုက်နာဆောင်ရွက်ရမယ့် စည်းကမ်းဥပဒေများကို လိုက်နာရန် တာဝန် ရှိပါသလားရှင်။ ဒါဆိုရင် မည်ကဲ့သို့ ထိန်းချုပ်ကွပ်ကဲဆောင်ရွက်ပါသနည်း။ အဆိုပါရဲသတင်းပေးများသည် သက်ဆိုင်ရာ မြို့နယ်များတွင် သက်ဆိုင်ရာရဲစခန်းများတွင်လည်းကောင်း ဥပဒေနှင့်မညီညွတ်တဲ့ကိစ္စများကို စွက်ဖက်ဆောင်ရွက်လျက်ရှိကြောင်းကို သိရှိပါသလား။ အဆိုပါဥပဒေနှင့်မညီညွတ်သောကိစ္စများကို ဆောင်ရွက်နေသောကြောင့် နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာကျဆင်းပြီး ညှိုးနွမ်းနေရသည်ကို သိရှိပါသလားရှင်။ အကယ်၍ Informer များအားတရားဝင်ခန့်အပ်ထားခြင်းမရှိပါက ပြည်သူများအပေါ်ရဲများ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းအားမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့်အညီ ပြစ်ဒဏ်မည်သို့ရှိသည်ကို သိရှိလိုပါတယ်ရှင်။ ထို့အပြင် ရဲများရဲ့တရားလိုပြသက်သေများအဖြစ် အမှုဆွဲတင်တဲ့နေရာမှာ Informer များက အခင်းဖြစ်ပွားစဉ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဖုန်းဆက်ခေါ်ရင် သက်သေအဖြစ် ဝင်ရောက်လက်မှတ်ထိုးရတယ်လို့ကျွန်မကိုပြောပါတယ်။ အဲဒီလို ရဲများရဲ့ မှားယွင်းစွာအမှုဖွင့်တရားစွဲဆိုတဲ့နေရာမှာ Informer များက မှားမှန်းသိလျက်သားနဲ့ သက်သေအမှားလက်မှတ်ထိုးမှုများအပေါ် ရဲများအား ရဲဝန်ထမ်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း မည်ကဲ့သို့အရေးယူထားသည်ကို ကျွန်မ သိရှိလိုပါတယ်။ ထို့အတူ သက်သေအမှားလိုက်သူ Informer များအားလည်း မည်ကဲ့သို့သော ဥပဒေနဲ့အရေးယူဆောင်ရွက်မည်ကိုလည်း သိရှိလိုပါတယ်ရှင်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆိုင်ကယ်မစီးရဟု တရားဝင်အမိန့်ထုတ်ထားသော်လည်း ရဲသတင်းပေး (Informer)များဟာ ဆိုင်ကယ်ကြီးများ တကားကားနဲ့ ရပ်ကွက်အတွင်း လှည့်လည်ကျက်စားမှုဟာ ကိုလိုနီနယ်ချဲ့ဘဝက ကျွန်မတို့ မြန်မာနိုင်ငံသူ နိုင်ငံသားများကို နှိပ်စက်ညှဉ်းပန်းခဲ့တဲ့ဗြိတိသျှအလိုတော်ရိများနည်းတူ ဆောင်ရွက်နေမှုကို သိရှိပါသလား။ မည်ကဲ့သို့ ဆောင်ရွက်မည်ကိုလည်း သိရှိလိုပါတယ်။ ၎င်း Informer များထဲက အချို့သည် ရပ်ကွက်ရာဇဝတ်မှုများဖြစ်ပါလျက်

ယခု တည်ဆဲဥပဒေများကို လိုက်နာခြင်းမရှိဘဲ ရဲများနှင့်အတူ ပြည်သူများအား စိတ်ဒုက္ခရောက်အောင် ခြိမ်းခြောက်ခြင်း၊ ကိုယ်ထိလက်ရောက်စော်ကားခြင်းပြုလုပ်နေမှုများအပေါ် မည်ကဲ့သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ပြည်သူများ၏ဆန္ဒနှင့် ပြည်သူများ၏အသံကိုမေးခွန်းအဖြစ် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူး တင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေရဲ့ မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြည်သူလူထုပါဝင်သော ရဲလုပ်ငန်းစနစ် (Community Policing) ကိုကျင့်သုံးပြီး အချက်အချာကျတဲ့ ရပ်ကွက်၊ ကျေးရွာများမှာ ရဲကင်းများဖွင့်လှစ်ပြီး ရပ်ကွက်၊ကျေးရွာများမှ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအပါအဝင် နယ်မြေခံလူမှုရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းကာ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းစုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၄ (၁) နဲ့ ၄၅ (၁) တို့မှာ ပြစ်မှုဆိုင်ရာ ဥပဒေပါ သတ်မှတ်ထားတဲ့ ပြစ်မှုအချို့နဲ့ ပတ်သက်လို့ ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန်ကြံစည်နေကြောင်း သိရှိသူမည်သူမဆို တရားသူကြီးထံဖြစ်စေ၊ ရဲတပ်ဖွဲ့သို့ဖြစ်စေ သတင်းပေးရန်တာဝန်ရှိသည်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ အဲ့ဒီလိုပြဋ္ဌာန်းရတဲ့ ရည်ရွယ်ချက်ကတော့ ရဲတပ်ဖွဲ့ကအချိန်နှင့် တစ်ပြေးညီ မှုခင်းများကို စုံစမ်းဖော်ထုတ်နိုင်ရန်နှင့် အမှုမှန်စုံစမ်းဖော်ထုတ်ရေးမှာ ပြည်သူလူထုမှ ပူးပေါင်းပါဝင် သတင်းပေး ရန်ဖြစ်ပါတယ်။ မေးခွန်းအပိုဒ် (၁) နဲ့စပ်လျဉ်းလို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရည်မှန်းချက်တာဝန် ၄ ရပ်အနက် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတာဝန်များကို ဆောင်ရွက်ရာမှာ ရဲသတင်းပေး

(Informer) များကို တရားဝင်အသိအမှတ်ပြု ခန့်ထားဆောင်ရွက်ခြင်းမရှိသလို အရန်ရဲတပ်ဖွဲ့ဝင်များအနေနဲ့လည်း ခန့်အပ်ထားခြင်းမရှိပါ။

မေးခွန်းအပိုဒ် (၂) နဲ့စပ်လျဉ်းလို့ သတင်းပေးများ ခန့်အပ်တာဝန်ပေးအပ်ထားခြင်းမရှိတဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းဥပဒေများကို လိုက်နာရန် တာဝန်မရှိသလို ၎င်းတို့ကို ထိန်းချုပ်ကွပ်ကဲဆောင်ရွက်ရန်လည်းမရှိပါ။ မှုခင်းစုံစမ်းမှုကို စိတ်ဝင်စားသူများနဲ့ ရဲတပ်ဖွဲ့ကို အကူအညီပေးလိုသူများကသာ သူတို့ရဲ့ သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့များကို သတင်းပေးလေ့ရှိပါသည်။ အဲ့ဒီသူတွေက မည်သည့်အခကြေးငွေမျှမရရှိဘဲ သူတို့ရဲ့ ကူညီလိုတဲ့ဆန္ဒနဲ့ ပြည်သူလူထုပါဝင်သော ရဲလုပ်ငန်းစနစ်ဖော်ဆောင်ထားတဲ့ သတင်းကွန်ရက်အရနဲ့ ရဲတပ်ဖွဲ့ဝင်များကို ခင်မင်ရင်းနှီးတဲ့အတွက် သတင်းပေးခြင်းဖြစ်ပါတယ်။

မေးခွန်းအပိုဒ် (၃)၊ (၄) ဖြစ်တဲ့ ရဲသတင်းပေးများသည် သက်ဆိုင်ရာမြို့နယ်များတွင်လည်းကောင်း၊ သက်ဆိုင်ရာရဲစခန်းများတွင်လည်းကောင်း ဥပဒေနဲ့မညီညွတ်သောကိစ္စရပ်များကို စွက်ဖက်ဆောင်ရွက်လျက်ရှိနေကြသည်ကို သိရှိပါသလား။ အဆိုပါဥပဒေနဲ့မညီညွတ်သောကိစ္စများ ဆောင်ရွက်နေခြင်းကိစ္စနဲ့ပတ်သက်လို့ ရဲသတင်းပေးများအပါအဝင် မည်သူမျှ သက်ဆိုင်ရာမြို့နယ် ရဲစခန်းများမှာ ဥပဒေနဲ့မညီညွတ်တဲ့ကိစ္စတွေမှာ စွက်ဖက်ဆောင်ရွက်ခြင်းများကို ခွင့်ပြုလက်ခံခြင်း မရှိပါ။ အကယ်၍ အဲ့ဒီလို ဥပဒေနဲ့မညီညွတ်တဲ့ ကိစ္စတွေ စွက်ဖက်ဆောင်ရွက်တာကို သိရှိတဲ့ မည်သူမဆို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ကိုဖြစ်စေ၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းကို ဖြစ်စေ တိုင်ကြားနိုင်ပါတယ်။ အဲ့ဒီကိစ္စရပ်များကို တာဝန်သိပြည်သူများအနေနဲ့ ထုတ်ဖော်သတင်းပေးတိုင်ကြားပါက ထိရောက်စွာအရေးယူသွားမှာ ဖြစ်ပါတယ်။

မေးခွန်းအပိုဒ် (၅) ဖြစ်တဲ့ ရဲများ၏ တရားလိုပြသက်သေများအဖြစ် အမှုဆွဲတင်ရာမှာ ၎င်း သတင်းပေးများက အခင်းဖြစ်ပွားချိန်၌ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သက်သေအဖြစ် ဝင်ရောက်လက်မှတ်ရေးထိုးခြင်း ကိစ္စနှင့်ပတ်သက်လို့ အမှုဖွင့် တရားစွဲဆိုရာမှာ အခင်းဖြစ်ပွားချိန်မှာ သတင်းပေးများရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သတင်းပေးများက သက်သေအဖြစ် လက်မှတ်ရေးထိုးခြင်း၊ တရားလိုပြသက်သေအဖြစ် ထွက်ဆိုခြင်းစတာတွေမှာ မဟုတ်မမှန်ပြုလုပ်ခဲ့လို့ရှိရင် တရားသူကြီးများက စစ်ဆေးစီရင်တဲ့အခါမှာ အမှန်ပေါ်ပေါက်က အဲ့ဒီကျူးလွန်သူ မည်သူကိုမဆို မမှန်မကန် သက်သေခံမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူနိုင်မှာဖြစ်ပါတယ်။

မေးခွန်းအပိုဒ် (၆) ဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ ဆိုင်ကယ်မစီးရန် တရားဝင်အမိန့်ထုတ်ထားသော်လည်း ရဲသတင်းပေးများ ဆိုင်ကယ်ကြီးများ တကားကားနှင့် ရပ်ကွက်အတွင်း လှည့်လည်ကျက်စားမှုကိစ္စနှင့်ပတ်သက်လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆိုင်ကယ်မစီးရဆိုပြီး တရားဝင် အမိန့်ထုတ်ပြန်ထားရှိပြီးဖြစ်ပါတယ်။ အဲ့ဒီလို ထုတ်ပြန်ထားပေမယ့်လည်း ရဲသတင်းပေးများ အပါအဝင် မည်သူမဆို အဲ့ဒီထုတ်ပြန်တဲ့အမိန့်ကို မလိုက်နာဘဲ စီးနင်းနေတာကို တွေ့ရှိသူ မည်သူမဆို ရန်ကုန်တိုင်းဒေသကြီး၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသို့ တိုင်ကြားနိုင်ပါတယ်။ အဲ့ဒီလို တိုင်ကြားပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

မေးခွန်းအပိုဒ် (၇) ဖြစ်တဲ့ သတင်းပေးများထဲမှ အချို့သည် ရပ်ကွက် ရာအိမ်မှူးများဖြစ်လျက် ယခုလက်ရှိတည်ဆဲဥပဒေကို လိုက်နာခြင်းမရှိဘဲ ရဲများနှင့်အတူ ပြည်သူများအား စိတ်ဒုက္ခရောက်အောင် ခြိမ်းခြောက်ခြင်း၊ ကိုယ်ထိလက်ရောက်စော်ကားခြင်းများ ပြုလုပ်နေမှု ကိစ္စနှင့်ပတ်သက်လို့ ပြည်သူများအပေါ် ခြိမ်းခြောက်တဲ့၊ ကိုယ်ထိလက်ရောက်ကျူးလွန်တဲ့၊ လက်ရှိတည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်တဲ့ ရဲတပ်ဖွဲ့ဝင်များနဲ့ သတင်းပေးများကို မည်သူမဆို နစ်နာသူကဖြစ်စေ၊ သိရှိသူကဖြစ်စေ တိုင်ကြားလို့ရှိရင် ရဲတပ်ဖွဲ့ဝင်များကို ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေနဲ့ ပြစ်မှုဆိုင်ရာဥပဒေများအရ အရေးယူလျက်ရှိသလို သတင်းပေးများကိုလည်း ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေပဲနောက်ထပ်မေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝထပ်မံပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီကနေ့ မေးခွန်းနှစ်ခုကိုတစ်ဆက်တစ်စပ်တည်းမေးခွင့်ရရှိတဲ့အတွက်ကြောင့်မို့ ပြည်သူများရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မ ဒုတိယမေးခွန်းကိုလည်း ပြည်သူများရဲ့လိုလားချက်နဲ့ မေးရခြင်းဖြစ်ပါတယ်။ ကျွန်မမေးမယ့်

မေးခွန်းကတော့ ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေဆိုတဲ့ မေးခွန်းကိုမေးရတာ ရည်ရွယ်ချက် ၂ ချက်ရှိပါတယ်ရှင်။ ပထမရည်ရွယ်ချက်တစ်ချက်ကတော့ ကျွန်မတို့မြန်မာနိုင်ငံမှာ လူဦးရေသန်း ၆၀ ကျော်ရှိတဲ့အနက် မြန်မာအမျိုးသမီးဦးရေကထက်ဝက် ကျော်ကျော်ရှိနေပါတယ်။ ဒီ့အတွက် ကျွန်မလည်း မြန်မာအမျိုးသမီးဖြစ်နေတဲ့အတွက် ထက်ဝက်ကျော် သောမြန်မာအမျိုးသမီး များရဲ့ အားလုံးထဲမှာမှ ပြည့်တန်ဆာဘဝနဲ့ခက်ခဲစွာဘဝကိုရပ်တည်နေရတဲ့ အမျိုးသမီးများရဲ့ဘဝကို တည်ဆဲဥပဒေအတွင်းမှာ သိက္ခာရှိရှိရပ်တည်စေချင်တဲ့ဆန္ဒနဲ့ နောက်တစ်ချက် အဲ့ဒီအမျိုးသမီးများရဲ့ ဘဝကို ကာကွယ်စောင့်ရှောက်ပေးချင်လို့ ဒီမေးခွန်းကိုမေးရခြင်း ရည်ရွယ်ချက် (၁) ဖြစ်ပါတယ်။ ရည်ရွယ်ချက် (၂) ကတော့ ကမ္ဘာကိုခြိမ်းခြောက်နေတဲ့ HIV နှင့် AIDS ရောဂါတွေကို ကျွန်မတို့နိုင်ငံမှာ တစ်နေ့တခြားများပြားလာတာပါ။ ဒီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဟာ ဖြစ်မှကုတာထက်စာရင် မပျောက်နိုင်တဲ့ဒီရောဂါကိုကာကွယ်ဖို့၊ တားဆီးဖို့အတွက် ကျွန်မတို့မြန်မာနိုင်ငံမှာရှိတဲ့ လူသားတိုင်းမှာ တာဝန်ရှိတယ်လို့ ကျွန်မထင်ပါတယ်။ ဒီရောဂါဟာ အများဆုံးဖြစ်ပွားနေတဲ့ လိင်ဆက်ဆံရေးကနေ ကူးစက်နေတဲ့အတွက် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တစ်ဦးအနေနဲ့ရော၊ တရားဥပဒေစိုးမိုး ရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင်တစ်ဦးအနေနဲ့ရော ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေလို့ခေါ်တွင်စေသော ယခုမေးခွန်းကို မြန်မာအမျိုးသမီးများရဲ့အမျိုးဂုဏ်၊ ဇာတိဂုဏ် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အလို့ငှာ အဲ့ဒီအပြင် မြန်မာနိုင်ငံမှာရှိသော တိုင်းရင်းသူ တိုင်းရင်းသားအားလုံး အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ဖို့ အပါအဝင် Gender right လို့ခေါ်တဲ့ ကျား မ တရားမျှတစေဖို့ အခွင့်အရေးတွေရော၊ အပြစ်အရေးတွေရော တရားမျှမျှတတခံစားနိုင်ဖို့ ရည်ရွယ်ပြီး ဒုတိယရည်ရွယ်ချက်အနေနဲ့ ဒီမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်ရှင်။ ဒီမေးခွန်းဖြစ် ပေါ်လာတဲ့ အခြေခံအကြောင်းအရင်းလေးကိုလည်း ခုနအကြောင်းအရင်းလေးလိုပဲတင်ပြခွင့်ပြုပါရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ တာမွေမြို့နယ် ကျွန်မရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရုံးကို ပြည့်တန်ဆာမှုနဲ့အဖမ်းခံထားရတဲ့ အသက် ၁၈ နှစ်မပြည့်သေးတဲ့ မိန်းကလေးတစ်ဦးရဲ့မိခင်နှင့် အစ်မ လာရောက်ခဲ့ပါတယ်။ အဲ့ဒီ ကူညီတောင်းခံမှုကစပြီး ဒီမေးခွန်းဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေအရ ပြည့်တန်ဆာလုပ်ငန်းဖြင့်ဆောင်ရွက်သူ အမျိုးသမီးများကို အရေးယူတဲ့နေရာမှာ ၁၈ နှစ်အောက် အမျိုးသမီးငယ်အသက်မပြည့်သေးသူများ ပါဝင်လျက်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါ အသက်မပြည့်သေးသူများကို အရေးယူဆောင်ရွက်တဲ့နေရာတွင် အသက်ပြည့်ပြီး အရွယ်

ရောက်သူသဖွယ် အသက်ကိုစိစစ်ခြင်းမရှိဘဲ တရားစွဲဆိုပြီးပြစ်ဒဏ်ကျခံစေလျက် ထောင်ကျနေသူများလည်းရှိကြောင်းသိရှိရပါတယ်။ အဲ့ဒီလို အရွယ်မရောက်သေးဘဲ ဥပဒေအရထောင်ဒဏ်ကျခံနေရတဲ့ အမျိုးသမီးငယ်များကို အကျဉ်းထောင်များအတွင်း ပြန်လည်စိစစ်ပေးစေလိုပါတယ်ရှင်။ သို့ဖြစ်ပါ၍ ဝန်ကြီးရှင့်။ ပြန်လည်စိစစ်ရန် အကျဉ်းထောင်အတွင်းမှာအစီအစဉ်ရှိ၊ မရှိသိလိုပါတယ်။ အကယ်၍အစီအစဉ်ရှိလို့ စိစစ်ပြီးပြီဆိုရင် အသက်မပြည့်သူပြည့်တန်ဆာအမျိုးသမီးငယ်များရှိပါက ထောင်မှ ၎င်းအမျိုးသမီးငယ်များကို ပြန်လွှတ်ပေးရန်အစီအစဉ်ရှိ၊ မရှိလည်းသိရှိချင်ပါတယ်။ အကယ်၍များ ပြန်လည်စေလွှတ်ပေးခဲ့မယ်ဆိုရင် ၎င်းအမျိုးသမီးငယ်များကို သိက္ခာရှိရှိနဲ့ ဘဝကို ဆက်လက်ရပ်တည်နိုင်ဖို့အတွက် မည်သို့မည်ပုံဆောင်ရွက်မလဲဆိုတာကိုလည်း သိရှိချင်ပါတယ်။ ဒါက ကျွန်မရဲ့မေးခွန်း(၁)ပါရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်ကိုယ်စားလှယ်များ နားနဲ့မနာ ဖဝါးနဲ့နာတော်မူပါရှင်။ ပြည့်တန်ဆာလုပ်ငန်းဆောင်ရွက်စဉ် အမျိုးသမီးများနဲ့အတူ ဖမ်းဆီးရမိသော အမျိုးသားများအား နှစ်ဦးနှစ်ဖက်ဖမ်းဆီးပြီး အမှုစွဲတင်တရားစွဲတဲ့နေရာမှာ တရားသူကြီးရဲ့ မေးမြန်းချက်အပေါ်မူတည်ပြီး အဆိုပါအမျိုးသားကထွက်ချက်ပေးတဲ့အခါမှာ အခကြေးငွေဘယ်လောက်ပေးပြီး ၎င်းနှင့်အတူညကအတူပျော်ပါးခဲ့သူမှာ ယခုရုံးခန်းထဲတွင် တရားရုံးခန်းထဲတွင်ရှိသော ကျွန်တော့်ဘေးတွင်ရှိသော သို့တည်းမဟုတ် ကျွန်တော့်ရှေ့တွင်ရှိသော အဆိုပါမိန်းကလေး မှန်ကန်ပါသည်ဟု အတည်ပြုပြောဆိုမှုရှိခဲ့ပါရင် ထိုမိန်းကလေးပြည့်တန်ဆာပုဒ်မနဲ့ ထောင်ကျပါပြီ။ အနည်းဆုံး ၁ နှစ်တော့ ထောင်ကျခံရမှာပါ။ သို့သော် ထိုအမျိုးသား သားကောင့်သားကတော့ ပြစ်ဒဏ်မရှိ၊ ထောင်ဒဏ်မရှိဘဲနဲ့ ပကတိလွတ်ငြိမ်းချမ်းသာခွင့်ရရှိတယ်လို့ သိရှိရပါတယ်။ လေးစားအပ်ပါသော ပြည်ထောင်စုဝန်ကြီးရှင့်။ ငွေပေးပြီးကာမကိုရယူတဲ့ ထိုအမျိုးသားသည် အစိုးရသက်သေဖြစ်သွားပြီဆိုရင် ၎င်းဥပဒေမှာ တရားမျှတမှုမရှိပါ။ တစ်နည်းအားဖြင့် ကာမကိုငွေနဲ့ရောင်းပြီး ကာမကိုငွေနဲ့ဝယ်သူ နှစ်ဦးစလုံးအပြစ်ရှိပါတယ်ရှင်။ ကျွန်မတို့မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ ကမ္ဘာကသိအောင် ကြွေးကျော်နေတဲ့ စကားရပ်တစ်ခုကတော့ အမျိုးသမီးနှင့် အမျိုးသားတန်းတူ အခွင့်အရေးရတယ်လို့ ကြွေးကျော်ခဲ့တာ နှစ်ပေါင်းများစွာရှိပါပြီရှင်။ ဒါဆိုရင် ကျား မ တန်းတူဖြစ်စေဖို့ အခွင့်အရေးမှာလည်းတန်းတူရှိရင် အပြစ်အရေးမှာလည်းတန်းတူရှိသင့်ပါတယ်။ ကျွန်မတို့ မြန်မာအမျိုးသမီးတွေ အပြစ်အရေး တန်းတူကိုက်ညီမှုမရှိတာကိုတွေ့ရှိရပါတယ်ရှင့်။ ဒါကြောင့် ကာမကို ငွေနဲ့ဝယ်ယူသူ အမျိုးသားများအား သက်သေအဖြစ်မှတစ်ပါး ခဏထားပြီး အားပေးကူညီသူများအဖြစ်လည်း

သတ်မှတ်နိုင်ပါသဖြင့် ကျွန်မမေးခွန်း(၂)ကို ဒီလိုမေးချင်ပါတယ်ရှင်။ ပြည့်တန်ဆာလုပ်ငန်းကို ဆောင်ရွက်စဉ်ပါဝင်သော အမျိုးသားများအား ပြည့်တန်ဆာလုပ်ငန်းကိုဆောင်ရွက်ခဲ့သော အမျိုးသမီး များကဲ့သို့ ပြစ်ဒဏ်ချခံရန်ရှိ၊ မရှိ။ ရှိသည်ဆိုပါက မည်သည့်အချိန်မှစ၍ ပြစ်ဒဏ်သတ်မှတ်မည်နည်း။ မရှိလျှင် ၁၉၄၉ ခုနှစ် ဥပဒေကိုပြင်ဆင်ရန်လို၊ မလို။ လိုပါက မည်သည့်အချိန်တွင်ပြင်ဆင်ပေးမည်ကို သိရှိလိုပါတယ်။ ကျွန်မရဲ့ရည်ရွယ်ချက်များနှင့် ကျွန်မရဲ့မေးခွန်းများကို အခုလိုမေးမြန်းခွင့်ရတဲ့ အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ပါတယ်။ အားလုံးကို လေးစားပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ရန်ကုန်တိုင်း ဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေရဲ့မေးခွန်းနှင့် စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းကဖြေကြားသွား မှာဖြစ်ပါတယ်။ မေးခွန်းအပိုဒ်(၁)နှင့်စပ်လျဉ်းလို့ ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ အရ ပြည့်တန်ဆာလုပ်ငန်းဆောင်ရွက်နေသူအမျိုးသမီးများကို အရေးယူရာမှာ ၁၈ နှစ်အောက် အမျိုးသမီးငယ် အသက်မပြည့်သူများပါဝင်လျက်ရှိကြောင်း၊ အဆိုပါအသက်မပြည့်သူများကို အရေးယူဆောင်ရွက်ရာမှာ အသက်ပြည့်ပြီးအရွယ်ရောက်သူများသဖွယ် အသက်အရွယ်စိစစ်ခြင်း မရှိဘဲ တရားစွဲဆိုဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြစ်ဒဏ်ကျခံစေလျက်ထောင်ကျနေသူများ ရှိကြောင်းကိစ္စနှင့် ပတ်သက်လို့ အဆိုပါအက်ဥပဒေအရဖမ်းဆီးရာမှာ အသက် ၁၈ နှစ်အောက် အမျိုးသမီးငယ်များပါဝင် တတ်ပါတယ်။ သို့သော် ဖမ်းဆီးစဉ်ကာလအတွင်း မည်သည့်အမျိုးသမီးက အသက်မည်မျှရှိသည်ကို မည်သူမျှရုတ်ချည်းစိစစ်နိုင်မည်မဟုတ်ပါ။ ရဲစခန်းကိုရောက်ရှိပြီးမှသာ သူတို့ရဲ့ပြောကြားချက်များအရနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ တိုက်ဆိုင်စစ်ဆေးရခြင်းဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)မှာ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၆ နှစ် မပြည့်သေးသောသူကိုဆိုလိုသည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)မှာ လူငယ်ဆိုသည်မှာ အသက် ၁၆ နှစ်ပြည့်ပြီး ၁၈ နှစ် မပြည့်သေးသောသူကိုဆိုသည်ဟုလည်းကောင်း ပြဋ္ဌာန်းထား ရှိပါ တယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြစ်မှုကျူးလွန်တဲ့လူငယ်များရဲ့ အသက်နှင့်စပ်လျဉ်းပြီး ကလေး

သူငယ်ဥပဒေပုဒ်မ ၆၈ အရ မွေးစာရင်း၊ ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆရာဝန်ဆေးစာ၊ သန်းခေါင်စာရင်းမိတ္တူမှန်နှင့် အခြားခိုင်လုံတဲ့အထောက်အထားများကို စိစစ်ရတာ ဖြစ်ပါတယ်။ အဲ့ဒီနောက် သက်သေအထောက်အထားများနှင့်အတူ အသက် ၁၆ နှစ်အောက်ကလေးများကို ကလေးသူငယ်တရားရုံးနှင့် အသက် ၁၆ ပြည့်ပြီး ၁၈ နှစ်မပြည့်သေးတဲ့လူငယ်များနှင့် အသက် ၁၈ နှစ်အထက် အရွယ်ရောက်သူများကို သက်ဆိုင်ရာတရားရုံးများကို တရားစွဲတင်ပို့ရပါတယ်။ ကလေးသူငယ်ဥပဒေပုဒ်မ ၄၇ အရ ကလေးသူငယ်တရားရုံးက ထောင်ဒဏ်ချမှတ်ခြင်း မပြုသင့်တဲ့ ကလေးသူငယ်နှင့်စပ်လျဉ်းလို့ အမိန့်တစ်ရပ်ရပ်ကိုချမှတ်ရာမှာ ပုဒ်မ ၄၇ ပုဒ်မခွဲ(ဃ)မှာ ကျူးလွန်သောပြစ်မှုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ကလေးသူငယ်သည် အကျင့်စာရိတ္တပျက်ပြားနေသူဖြစ်လျှင်သော်လည်းကောင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်းမရှိသေးသော်လည်း မိဘအုပ်ထိန်းသူမရှိသည့် ကလေးသူငယ်ဖြစ်လျှင်သော်လည်းကောင်း၊ မိဘအုပ်ထိန်းသူရှိသော်လည်း ကလေးသူငယ်အား ဆိုဆုံးမခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်သော အခြေအနေမရှိလျှင်သော်လည်းကောင်း၊ ထိုကလေးသူငယ်ကို အနည်းဆုံး ၂ နှစ်ဖြစ်စေ၊ အများဆုံးအသက် ၁၈ နှစ်ပြည့်သည့်နေ့အထိ သင်တန်းကျောင်းတစ်ခုခုသို့ ပို့အပ်နိုင်သည်လို့ ပြဋ္ဌာန်းထားသလို ပုဒ်မ ၇၁ မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်မှာ မည်သို့ပင်ပါရှိစေကာမူ (က) လူငယ်ကိုသေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခြင်းမပြုရ၊ (ခ) လူငယ်အားထောင်ဒဏ်ချမှတ်လျှင် အများဆုံးထောင်ဒဏ်ကာလသည် ၁၀ နှစ်ထက်မပိုစေရဆိုပြီး ပြဋ္ဌာန်းထားရှိပါတယ်။ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာ မည်သူမဆိုပြည်သူတို့နှင့်ဆိုင်သော လမ်းကိုသော်လည်းကောင်း၊ ပြည်သူတို့နှင့်ဆိုင်သောနေရာ၌သော်လည်းကောင်း၊ ပြည်သူတို့ဝင်ထွက်သွားလာနေရာ၌သော်လည်းကောင်း ထိုလမ်း ထိုနေရာတို့မှ မြင်သာ ကြားသာအောင် အိမ်၊ အဆောက်အဦ၊ အခန်း၊ ရေယာဉ် သို့တည်းမဟုတ် ကုန်းယာဉ်အတွင်းကသော်လည်းကောင်း၊ အပြင်ကသော်လည်းကောင်း ပြည့်တန်ဆာအလို့ငှာ တစ်ဦးတစ်ယောက်သောသူအား မြှူခေါ်သွေးဆောင်ခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း သို့မဟုတ် အနီးအနားတွင် ရစ်ဝဲခြင်းပြုလျှင် ထိုသူကို အလုပ်ကြမ်းနှင့် ၁ နှစ်အောက်မနည်း ၃ နှစ်ထက်မပိုသည့် ထောင်ဒဏ်စီရင်နိုင်စေရမည်။ ပြစ်ဒဏ်စီရင်ခြင်းခံရသူသည် မိန်းမဖြစ်လျှင် ထိုမိန်းမကို သတ်မှတ်ထားသည့်နေရာ၌ တားဆီးထိန်းသိမ်းခြင်းအားဖြင့် ထောင်ဒဏ်ကျခံစေရမည်လို့ ပြဋ္ဌာန်းထား ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနအနေနဲ့ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေဖြင့်

ပြစ်ဒဏ်ကျခံရသူအမျိုးသမီးများ အကျဉ်းထောင်ကိုရောက်ရှိတဲ့အချိန်မှာ အကျဉ်းထောင် လုပ်ထုံးလုပ်နည်းအရ မှတ်တမ်းတင်ပြီး အကျဉ်းထောင်ဆရာဝန်နှင့် အသက်အရွယ်ကိုစစ်ဆေးခြင်းအပါအဝင် ကျန်းမာရေးစစ်ဆေးပြီး လက်ခံထိန်းသိမ်းထားရှိပါတယ်။ အကျဉ်းထောင်ကိုစတင်ရောက်ရှိစဉ်ကတည်းက အသက်အရွယ်ကိုစစ်ဆေးခြင်းအပါအဝင် ကျန်းမာရေးစစ်ဆေးခဲ့ပြီးတဲ့အတွက် အဲ့ဒီပြစ်ဒဏ်ကျအမျိုးသမီးများကို ပြန်လည်စိစစ်ပေးမည့်အစီအစဉ်မရှိကြောင်း တင်ပြအပ်ပါတယ်။ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ခ)နဲ့ အကျဉ်းကျခံရတဲ့အသက် ၁၈ နှစ်အောက် ၁၆ နှစ်အထက် အမျိုးသမီးများကို အကျဉ်းဦးစီးဌာနကသတ်မှတ်ထားတဲ့ လျှော့ရက်နှုန်းထားအတိုင်းသာ အခြားအကျဉ်းသူ အကျဉ်းသားများနည်းတူ ခံစားခွင့်ရရှိနိုင်ပေမယ့်လည်း ပြန်လည်လွှတ်ပေးရန်အစီအစဉ်မရှိကြောင်းတင်ပြလိုပါတယ်။ အဲ့ဒီပြစ်ဒဏ်ကျ ပြည့်တန်ဆာအမျိုးသမီးများကို အကျဉ်းထောင်ဆရာဝန်နှင့် နယ်စည်းမထားဆရာဝန်များအဖွဲ့တို့နှင့် HIV ရောဂါပိုးရှိ၊ မရှိစစ်ဆေးပြီး HIV ပိုးတွေရှိတဲ့အကျဉ်းသူများကို မန္တလေးမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့တွေမှာရှိတဲ့ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးစခန်းကို ပေးပို့စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျန်းမာရေးဦးစီးဌာနက အကျဉ်းထောင်ကိုလာရောက်ပြီး အသိပညာပေးဟောပြောခြင်း၊ HIV ရောဂါပိုးရှိ၊ မရှိစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲ့ဒီအကျဉ်းသူများကို အကျဉ်းထောင်မှာ ပြစ်ဒဏ်ကျခံနေစဉ် ကာလအတွင်း သူတို့ရဲ့ဘဝမှန်ကန်တဲ့လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ဖို့အတွက် ဇာထိုးပန်းထိုးလုပ်ငန်းများ၊ စက်ချုပ်လုပ်ငန်းများ၊ မျက်တောင်တုလုပ်ငန်းများ၊ ဆံကေသာအလှပြင်သင်တန်း၊ မျက်နှာအလှပြင်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ အကသင်တန်း၊ ဒီဇိုင်နာသင်တန်းနှင့် အသုံးလုံးသင်တန်းစတာတွေကို သင်ကြားပေးလျက်ရှိပါတယ်။

မေးခွန်းအပိုဒ် ၂ နှင့်စပ်လျဉ်းလို့ ပြည့်တန်ဆာလုပ်ငန်းဆောင်ရွက်စဉ် ငွေကြေးပေးပြီး ကာမကိုရယူသော အမျိုးသားများအား အားပေးကူညီသူအဖြစ် ပြစ်ဒဏ်ပေးနိုင်ရေးကိစ္စနှင့်ပတ်သက်လို့ အဲ့ဒီပြည့်တန်ဆာလုပ်ငန်းဟာ နေအိမ်ဥပစာ၊ အဆောက်အဦအတွင်း မမြင်ကွယ်ရာမှာလုပ်ကိုင်တဲ့အတွက် သက်သေအထောက်အထားများနဲ့အတူ လက်ပူးလက်ကြပ် ဖမ်းဆီးရမိတရားစွဲတင်နိုင်ရေးမှာ လွန်စွာခဲယဉ်းပါသည်။ ဒါ့ကြောင့် ပြစ်မှုထင်ရှားသက်သေပြနိုင်ဖို့အတွက် အထောက်အထားပစ္စည်းများနဲ့အတူ အသွင်ယူသူနဲ့ ငွေကြေးပေးပြီးကာမကိုရယူတဲ့အမျိုးသားများကို သက်သေအဖြစ်အသုံးပြုပြီး တရားစွဲတင်ပို့တာဖြစ်ပါတယ်။ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၁၄ မှာ ရာဇဝတ်တရားသူကြီးမှာ ဤအက်ဥပဒေအရ တရားစွဲဆိုခံရသောသူများအနက် အဓိကစွဲဆိုခံရသူမဟုတ်သောသူကို

ထိုအမှုဆိုင်ရာ အဖြစ်အပျက်အကြောင်းအချင်းအရာတို့နှင့်စပ်လျဉ်း၍ မိမိရှေ့၌သက်သေအဖြစ် စစ်ဆေးပိုင်ခွင့်ရှိသည်။ သို့ရာတွင် ထိုသူ၌ ထိုပြစ်မှုနှင့်စပ်လျဉ်း၍ မိမိသိရှိသမျှသော အကြောင်း အချင်းအရာအားလုံးကို စုံလင်မှန်ကန်စွာထုတ်ဖော်ပြောဆိုသည့် လက္ခဏာရှိစေရမည်လို့ပြဋ္ဌာန်း ထားသလို ပုဒ်မ ၁၅ မှာ ဤအက်ဥပဒေအရ ပြစ်မှုတစ်ခုတွင်ဖက်စပ်ပါဝင်သည်လည်းဖြစ်၍ ပုဒ်မ ၁၄ အရ ရာဇဝတ်တရားသူကြီးရှေ့၌ သက်သေအဖြစ်အစစ်ဆေးခံရသူလည်းဖြစ်၍ ထိုသို့စစ်ဆေး သောအခါ ထိုစစ်ဆေးသောအမှုတွင် သက်ဆိုင်ရာအကြောင်းအားလုံးကိုသိရှိသမျှ စုံလင်မှန်ကန်စွာ ထုတ်ဖော် ပြောဆိုသည်ဟု ရာဇဝတ်တရားသူကြီးက ထင်မြင်လောက်အောင်ထွက်ဆိုခဲ့သူလည်း ဖြစ်သောသူသည် ရာဇဝတ်တရားသူကြီးထံမှ ထိုကဲ့သို့ထွက်ဆိုကြောင်း သက်သေခံလက်မှတ်စာ ကိုရရှိစေရမည်။ ထိုသို့ ရရှိလျှင် ဤအက်ဥပဒေအရခံထိုက်သော ပြစ်ဒဏ်မှ ကင်းလွတ်စေရမည် လို့ပြဋ္ဌာန်းထားရှိပါတယ်။ ဒါကြောင့် အဆိုပါပြစ်မှုကို သက်သေထင်ရှားပြသနိုင်ဖို့အတွက် အကြောင်းအားလုံးကိုသိရှိသမျှစုံလင် မှန်ကန်စွာထုတ်ဖော်ပြောဆိုတဲ့ အမျိုးသားများကိုပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးထားပြီးဖြစ်တဲ့အတွက် အမျိုးသမီးများနှင့်အတူ ဖမ်းဆီးရမိတဲ့အမျိုးသားများကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၊ ၁၁၄ နှင့် ၁၀၉ တို့အရ အားပေးကူညီသူအဖြစ် တရားစွဲဆိုပြစ်ဒဏ် ချမှတ်နိုင်ခြင်းမရှိပါ။ ဒါပေမယ့်လည်း ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(၂)အရ ပြည့်တန်ဆာအဖြစ်ရရှိတဲ့ စီးပွားကိုမှီပြီး အသက်မွေးဝမ်းကျောင်းပြုသူ ပြည့်တန်ဆာအိမ်ကို သွားရောက်နေထိုင်ဖို့ သွေးဆောင်အနိုင်ကျင့်သူ၊ ပြည့်တန်ဆာအိမ်ထားရှိပြီး စီမံကြီးကြပ်သူ၊ စီမံကြီးကြပ်ရာမှာကူညီဆောင်ရွက်သူတို့ကို အလုပ်ကြမ်းနှင့် ၁ နှစ် အောက်မနည်းတဲ့ ၃ နှစ်ထက်မပို တဲ့ ထောင်ဒဏ်စီရင်နိုင်စေရမည်ဆိုပြီး ပြည့်တန်ဆာလုပ်ငန်း ထူထောင်သူ၊ ဆောင်ရွက်သူ၊ သွေးဆောင်ပေးသူနှင့် အားပေးကူညီသူတို့ကို ပြစ်ဒဏ်ချမှတ်နိုင်ဖို့အတွက် ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါ တယ်။ အဲ့ဒီအက်ဥပဒေမှာ ပြည့်တန်ဆာမှုများပပျောက်ရေးအတွက် အမျိုးသမီးများမှ အဓိကစတင် ဦးတည်ဖြစ်ပွားလာသည့် ပြည့်တန်ဆာမှုများကျူးလွန်သူအမျိုးသမီးများနှင့် အဲ့ဒီလုပ်ငန်းထူထောင်သူ၊ ဆောင်ရွက်သူ၊ သွေးဆောင်သူနှင့် အားပေးကူညီသူ မည်သူမဆို ပြစ်ဒဏ်ကျခံစေရန် ပြဋ္ဌာန်းထားခြင်း ဖြစ်လို့ ပြစ်မှုဖြစ်ပွားမှုအခြေအနေအပေါ်မူတည်ပြီး အမျိုးသမီး၊ အမျိုးသားတန်းတူ အခွင့်အရေး ရရှိရန်မှာမဖြစ်နိုင်ပါ။ အမျိုးသမီးကအလိုမတူဘဲ အတင်းအဓမ္မ ကာမဆက်ဆံလျှင်သော်လည်း ကောင်း၊ ပြည့်တန်ဆာအမျိုးသမီးဖြစ်သော်လည်း အလိုမတူလျှင်သော် လည်းကောင်း အဆိုပါကာမ ဆက်ဆံသူအမျိုးသားအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ မုဒိမ်းမှုနဲ့အရေးယူရန် ပြဋ္ဌာန်းထားပြီး

ဖြစ်ရာ အမျိုးသမီးများအား အခွင့်အရေးပေးကာကွယ်ထားရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်၍ အဆိုပါတည်ဆဲ အက်ဥပဒေမှာ ပြည့်တန်ဆာမှုများပပျောက်ဖို့ပြဋ္ဌာန်းထားခြင်းဖြစ်ရာ ငွေကြေးပေးပြီး ပြည့်တန်ဆာနဲ့ ပျော်ပါးသူအမျိုးသားများကို ပြစ်မှုမှာသက်သေထင်ရှားပြသနိုင်ရေးအတွက် ပြစ်ဒဏ်မှကင်းလွတ်ခွင့် ပြဋ္ဌာန်းထားရှိပြီးဖြစ်လို့ အားပေးကူညီသူအဖြစ် ဥပဒေပြင်ဆင်ရန်မလိုအပ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နား ပါ့မယ်။

**အချိန်၊ ၁၁ း ၂၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့လာသော အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ၂၀-၈-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိခဲ့ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကိုလည်း

၁၉-၁၀-၂၀၁၂ ရက်နေ့တွင် တင်သွင်းပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ယခု စတင်ဆွေးနွေးပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းကော်မတီအပါအဝင် ပြင်ဆင်အဆိုပြုတင်ပြထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထား ရယူဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိသည့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များ အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉ အရ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်သည့်အချက်များကို ဥပဒေကြမ်းကော်မတီက လွှတ်တော်မှာ တင်ပြဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တင်သွင်းလာသည့် မူလဥပဒေကြမ်းကို ၁၃-၈-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ၂၀-၈-၂၀၁၂ ရက်နေ့တွင် ဖြန့်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာကို ၁၉-၁၀-၂၀၁၂ ရက်နေ့တွင် လွှတ်တော်တွင်လည်း ဖတ်ကြားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အပေါ်မှာ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်းများလည်း တောင်းခံခဲ့ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးစိုင်းသန်းနိုင်၊ ဖာပွန်မဲဆန္ဒနယ်နှင့် ဒေါ်ဝင်းမော်ထွန်း၊ ရေနံချောင်းမဲဆန္ဒနယ်တို့ ဖြစ်ကြပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြင်ဆင်ချက်များကို ၂၁-၁-၂၀၁၃ ရက်နေ့မှာ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ဥပဒေကို လက်တွေ့လုပ်ကိုင်အကောင်အထည်ဖော်မည့် ပြည်ထောင်စုအလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှလည်း ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအပေါ်တွင် သဘောတူလက်ခံခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင် ဤဥပဒေကြမ်းအတွက် ပြည်သူ့လွှတ်တော်မှ အတည်ပြုပြင်ဆင်ဖြန့်ပေးရန်အချက်များကို ယနေ့ ၂၅-၁-၂၀၁၃ ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ်များထံသို့လည်း ဖြန့်ဝေထားပြီး

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှုဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ) နှင့် (ဃ)တို့အရ လည်းကောင်း အပိုင်း ၃ ပိုင်းခွဲပြီး အတည်ပြုပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အောက်ပါအတိုင်း အဆိုပြုတင်ပြအပ်ပါတယ်။ ပထမဦးစွာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ သဘောတူထားပြီးဖြစ်သည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ပုဒ်မ ၃၄ အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉ အရ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ရန် အချက် ၅၆ ချက်ရှိသည့်အနက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ပုဒ်မ ၃၄ ခုကို ဥပဒေကြမ်းကော်မတီမှ သဘောတူခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် ပုဒ်မ ၃၄ ကို အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ရန် အချက် ၅၆ ချက်ရှိသည့်အနက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ပုဒ်မ ၃၄ ကို အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉ အရ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် အချက် ၄၄ ချက်အား ဥပဒေကြမ်းကော်မတီက လွှတ်တော် မှာတင်ပြဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် အချက် ၄၄ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

အခန်း(၁) မူလအခန်း(၁) ခေါင်းစဉ်၊ ပုဒ်မ ၂ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဏ)၊ အခန်း (၂) မူလအခန်း (၂) ခေါင်းစဉ်၊ မူလပုဒ်မ ၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၄)၊ အခန်း(၃) မူလအခန်း(၃) ခေါင်းစဉ်၊ ပုဒ်မ ၅

ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၅ ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၅ ပုဒ်မခွဲ (ဂ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ အခန်း(၄) မူလပုဒ်မ ၆ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၈)၊ မူလပုဒ်မ ၈ ပုဒ်မခွဲ(က)၊ (ခ)၊ ပုဒ်မ ၉ ပုဒ်မခွဲ(က)၊ (ဂ)၊ (ဃ)၊ မူလ ပုဒ်မ ၁၀ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)၊ မူလပုဒ်မ ၁၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄)၊ (၅)၊ အခန်း(၅) မူလ အခန်း(၅)ခေါင်းစဉ်၊ မူလပုဒ်မ ၁၇ ပုဒ်မခွဲ(က)၊ မူလပုဒ်မ ၁၉၊ မူလပုဒ်မ ၂၀ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၃)၊ မူလပုဒ်မ ၂၀ ပုဒ်မခွဲ(ဃ)၊ မူလပုဒ်မ ၂၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)၊ မူလပုဒ်မ ၂၂ ပုဒ်မခွဲ(က)၊ အခန်း(၇) မူလပုဒ်မ ၂၄၊ အခန်း(၈) မူလအခန်း(၈)ခေါင်းစဉ်၊ မူလပုဒ်မ ၂၈ ပုဒ်မခွဲ(ဂ)၊ မူလပုဒ်မ ၃၀ ပုဒ်မခွဲ(က)၊ မူလပုဒ်မ ၃၁ ပုဒ်ခွဲ(က)၊ (ခ)၊ ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ ၊ အခန်း(၉) မူလပုဒ်မ ၃၄၊ မူလပုဒ်မ ၃၅၊ မူလပုဒ်မ ၃၆၊ အခန်း(၁၀) မူလပုဒ်မ ၄၀၊ မူလပုဒ်မ ၄၁ ပုဒ်မခွဲ(က)။

အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်အတည်ပြုချက် စုစုပေါင်း ၄၄ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉ အရ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတဲ့ အချက် ၄၄ ချက်အား ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ရန် အချက် ၄၄ ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဒီဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားကြသော လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်၊ ဖာပွန်မဲဆန္ဒနယ်နှင့် ဒေါ်ဝင်းမော်ထွန်း၊ ရေနံချောင်းမဲဆန္ဒနယ်တို့က

ပြင်ဆင်ချက် ၁၁ ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ယခု ဦးစိုင်းသန်းနိုင်မှ စတင်တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ပြည်ထောင်စုအဆင့် ဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ဒီကနေ့ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းပြင်ဆင်ရန် တင်ပြချက်ဇယားမှ ဇယားအမှတ်စဉ် ၁ ဥပဒေ ခေါင်းစီးနှင့်ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်မှာ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေစာသားမှ ရရှိရေးဆိုတဲ့စာသားဖြုတ်ပယ်ပြီးတော့ မူလပြဋ္ဌာန်း ချက်ဖြစ်တဲ့ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေဟုသာ ပြဋ္ဌာန်းသင့်ကြောင်း အဆိုပြုတင်ပြလိုပါတယ်။ အကျိုးအကြောင်းဖော်ပြချက်ကတော့ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးဆိုတာ အလုပ်အကိုင်ရော ကျွမ်းကျင်မှုကိုပါ ဖွံ့ဖြိုးတိုးတက်ရေးကိုဆိုလိုတာ ဖြစ်ပါ တယ်ခင်ဗျား။ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ပြီဆိုကတည်းက အလုပ်အကိုင်ပိုမိုရရှိလာတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ရရှိရေးဆိုတာကို သီးခြားထပ်ထည့်စရာမလိုဘူးလို့ ယူဆပါတယ်။ တဖန် ရရှိရေးဆိုတဲ့ စာသားပါဝင်လာခြင်းအားဖြင့် နောင်ဒီဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် အလုပ်အကိုင်တွေကို အဆင်သင့်ပေးဖို့ အစိုးရမှ အဆင်သင့်မဖြစ်သေးဘူးဆိုတဲ့အနေအထားမှာ ဒီစကားလုံးကြောင့် အစိုးရကိုအခက်အခဲ၊ အကြပ်အတည်းတွေဖြစ်ပေါ်လာနိုင်တဲ့ အနေအထား ဖြစ်ပါ တယ်။ သို့ပါ၍ စာသားအရ ကျစ်လျစ်သိပ်သည်းပြီးတော့ အဓိပ္ပာယ်လည်းပိုမိုပြည့်စုံစွာပါဝင်နေတဲ့ မူလပြဋ္ဌာန်းချက်အတိုင်းသာ ပြဋ္ဌာန်းသင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပြင်ဆင်ချက် (၂) ဖြစ်တဲ့ ဇယားအမှတ်စဉ် ၃ အခန်း(၁) ပုဒ်မ ၁ မှာလည်း အမျိုးသားလွှတ်တော် ရဲ့ပြင်ဆင်ချက်မှာ ဤဥပဒေကို အလုပ်အကိုင်ရရှိရေးနှင့်ဆိုတဲ့နေရာမှာလည်း ကျွန်တော် ရရှိရေးကို ဖြုတ်ပယ်ထားပြီးတော့ မူလပြဋ္ဌာန်းချက်အတိုင်းသာထားရှိသင့်ပါကြောင်း အဆိုပြုတင်ပြလိုပါတယ်။ ကျွန်တော်ရဲ့ ပြင်ဆင်ချက်တင်ပြလိုပါတယ်။ ကျွန်တော့်ရဲ့ ပြင်ဆင်ချက် အမှတ်စဉ်(၃) ဖြစ်တဲ့ စာမျက်နှာ ၅ ဇယားအမှတ်စဉ် ၂၂ အခန်း (၄) ခေါင်းစဉ်နှင့်ပတ်သက်၍ ဒီနေရာမှာလည်း အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်ထဲက အလုပ်အကိုင်ရရှိရေးမှာ ရှေ့အပေါ်က နည်းအတိုင်းပဲ ရရှိရေးကို

ဖြုတ်ပယ်ထားခြင်း ဖြစ်ပါတယ်။ မူလပြင်ဆင်ချက်အတိုင်းသာ ပြဋ္ဌာန်းသင့်ပါကြောင်း အဆိုပြုတင်ပြလိုပါတယ်။ ကျွန်တော်ရဲ့ပြင်ဆင်ချက် အမှတ်စဉ် (၄)ဖြစ်တဲ့ စာမျက်နှာ ၆ ဇယားအမှတ်စဉ် ၂၅ အခန်း(၄) ပုဒ်မ ၆ ပုဒ်မခွဲ (င)မှာလည်း အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ထဲက ရရှိရေးအဖွဲ့ဆိုတာကို ရရှိရေးကို ပယ်ဖျက်ထားပြီးဖြစ်တဲ့ အတွက်ကြောင့် ရရှိရေးအဖွဲ့ဆိုတာ ထည့်သွင်းဖို့မလိုတဲ့အကြောင်း မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ကြောင်း အဆိုပြုတင်ပြလိုပါတယ်။ ကျွန်တော်ရဲ့ပြင်ဆင်ချက် အမှတ်စဉ်(၅) မူလဇယား အမှတ်စဉ် ၂၆ အခန်း(၄) ပုဒ်မ ၈ မှာလည်းရရှိရေးအဖွဲ့ကို ဖြုတ်ပယ်ပြီးတော့ မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း အဆိုပြုတင်ပြလိုပါတယ်။ ကျွန်တော်ရဲ့ ပြင်ဆင်ချက် အမှတ်စဉ်(၆) ဇယား အမှတ်စဉ် ၂၈ အခန်း(၄) ပုဒ်မ ၉ မှာလည်း အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ဖြစ်တဲ့ ရရှိရေးအဖွဲ့ကို ပယ်ဖျက်ပြီးတော့ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိသင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်။ ကျွန်တော်ရဲ့ အဆိုပြုတင်ပြချက်များကို ဥပဒေရဲ့ အစိတ်အပိုင်းအဖြစ်ထားရှိသင့်ပါကြောင်း လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ မရှိတဲ့အတွက် ဦးစိုင်းသန်းနိုင်ရဲ့ ပြင်ဆင်ချက်အဆို ၆ ခု အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း ဆွေးနွေးတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်ဝင်းမော်ထွန်း(ရေနံချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများရှင်။ မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်မ ဒီနေ့အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းမှာ ကျွန်မ ပထမဆုံးဆွေးနွေးချင်တာကတော့ ကန့်လန့်ဖြတ်ခေါင်းစဉ်မှာပါတဲ့ စာမျက်နှာ ၁ အခန်း (၁) အပိုဒ် ၁ (ခ) ဖြစ်ပါတယ်။ ဒီနေရာမှာ မဆွေးနွေးခင်မှာ ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီဥပဒေကြမ်း

ထွက်ရှိပြီး သေချာဖတ်ထားပေမယ့် ဥပဒေကြမ်းကော်မတီတင်ပြဆွေးနွေးပြီးရင်တော့ လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ဆွေးနွေးဖို့ လိုအပ်မယ်လို့ ထင်မြင်ချိန်မှာပဲ ဥက္ကဋ္ဌကြီးက ၁၉-၁၀-၂၀၁၂ ရက်နေ့က လွှတ်တော်မှာ လုပ်ငန်းရှင်တွေပါပါတယ်။ ဆွေးနွေးပါလို့ ဒီအခွင့်အရေးပေးတဲ့အတွက် ဥက္ကဋ္ဌကြီးရဲ့ ဘက်စုံတွေးခေါ်မှုနှင့် အမြော်အမြင်ကြီးမှုကို ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်မဒီနေ့ ကန့်လန့်ဖြတ်ဇယားမှာပါတဲ့ အခန်း(၁) အပိုဒ် ၁ ပုဒ်ခွဲ(ခ)မှာ မူလပြဋ္ဌာန်းချက်က ဤဥပဒေ သည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်လို့ ပါပါ တယ်။ အမျိုးသားလွှတ်တော်ကတော့ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်လို့ ပါပါတယ်။ ကျွန်မအနေနဲ့ ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး သုံးလပြည့်မြောက်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်လို့ ကျွန်မအနေနဲ့ ပြင်ဆင်တင်သွင်းပါတယ်။ ပြင်ဆင်ရတဲ့ အကြောင်းအရင်းကို အနည်းငယ်လေး ကျွန်မ တင်ပြလိုပါတယ်။ ဥပဒေပြုပြီး တစ်နှစ်ပြည့်မြောက်ပြီးမှ အာဏာတည်ရမယ်လို့ မူလဥပဒေကြမ်းမှာ ရေးသားထားတာကတော့ ကျွန်မစဉ်းစားပါတယ်။ အကြောင်းရှိရမယ်။ အလုပ်ရှင်နှင့် အလုပ်သမား ပူးပေါင်းလုပ်ကိုင်မှုတိုင်းမှာ မျှတစွာ စဉ်းစားတွေးတောပြီးတော့ ပေးနိုင်မှသာ ရေရှည်လက်တွဲလုပ်ကိုင်နိုင်မှာပါ။ ဥပဒေတစ်ခုထွက်ပြီးတိုင်း လက်တွေ့နယ်ပယ်မှာ ကျင့်သုံးတဲ့နေရာမှာ ဥပဒေအတိုင်း တစ်သဝေမသိမ်းဖြစ်လာဖို့ လိုက်နာနိုင်ဖို့၊ လိုက်နာနိုင်အောင် နားလည်နိုင်အောင် ကြိုးစားအားထုတ်ဖို့ အလုပ်ရှင်နှင့် အလုပ်သမားကြားမှာ ရှင်းလင်းပွင့်လင်းစွာ သိရှိဖို့အတွက် အချိန်ကာလပေးထားတာလို့ ထင်မြင်မိပါတယ်။ အလုပ်ရှင်တိုင်းက ထည့်ဝင်ငွေထည့်ရမယ်၊ အခွန်ဆောင်ရမယ်၊ စာချုပ်ချုပ်တော့မယ်၊ အကောင်အထည်ဖော်မယ်ဆိုရင်တော့ ကြောင့်ကြကြရတာ ဓမ္မတာပါပဲ။ ဒီနေ့ ဥပဒေထုတ် ဒီနေ့လိုက်နာမယ်ဆိုရင်လည်း နှစ်ဦးနှစ်ဖက်ကိစ္စဖြစ်တော့ ခက်ခဲမယ်ထင်ပါတယ်။ မလုပ်ကိုင်နိုင်ရင် နောက်ဆုတ်သွားမယ်ဆိုရင်လည်း အလုပ်အကိုင်ပေါ်များရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်စေရေး၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေမှာ အဟန့်အတားဖြစ်စေပါတယ်။ မူလပြဋ္ဌာန်းချက်အတိုင်း ထားသင့်ပေမယ့်လည်း အချိန်ကာလတစ်နှစ်ဟာ ကြာမြင့်တယ်လို့ ကျွန်မယူဆပါတယ်။ ကျွန်မအမြင်ပြောရရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေထွက်လာပါမယ်။ အထူးစီမံကိန်းကြီးတွေ ပေါ်လာပါမယ်။ ထားဝယ်ဆိပ်ကမ်း၊ သီလဝါဆိပ်ကမ်း စီမံကိန်းတွေကြောင့် အလုပ်အကိုင် ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေဟာ အရေးကြီးလာပြန်ပါတယ်။ ထိုကျွမ်းကျင်လုပ်သားရရှိဖို့ တောင်းဆိုမယ်ဆိုရင် ဘယ်လိုပေးမလဲ။ ဥပဒေကြိုထွက်ထားမှသာလျှင်

သင်တန်းတွေပေးလို့ ရပါမယ်။ သင်တန်းအောင်လက်မှတ်တွေ ပေးရပါမယ်။ အလုပ်ရှင်အလုပ်သမား ညှိနှိုင်းစာချုပ် ချုပ်ဆိုရပါမယ်။ အဲဒီလို လိုအပ်ချက်တွေကြောင့် အလုပ်ရှင်များဘက်ကလည်း ဒီဥပဒေကို သုံးလခန့် အချိန်ကြာမြင့်သလောက်သာ အချိန်ပေးပြီး ဤဥပဒေထုတ်ပြန်ပြီး ကြေညာပြီး သုံးလမြောက်တဲ့ နေ့မှစပြီး အာဏာတည်စေရမယ်လို့ ပြင်ဆင်လိုပါကြောင်း လွှတ်တော်မှတစ်ဆင့် အတည်ပြုပေးပါရန် ကျွန်မ တင်ပြအပ်ပါတယ်ရှင်။ ကျွန်မဆက်လက်ပြီးတော့ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(စ)မှာပါတဲ့ သင်တန်းကျောင်းဆိုသည်မှာ မူလပြဋ္ဌာန်းချက်မှာ သင်တန်းကျောင်းဆိုသည်မှာ အလုပ်ကိုင်ရှာဖွေသူများနှင့် အလုပ်သမားများအား အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံများနှင့်အညီ လေ့ကျင့်သင်ကြားပေးရန် တည်ထောင်ဖွင့်လှစ်ထားသောဌာနကို ဆိုသည်လို့ ဆိုထားပါတယ်။ အမျိုးသားလွှတ်တော်ကတော့ မူလပြင်ဆင်ချက်အတိုင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ကတော့ သင်တန်းကျောင်းဆိုသည်မှာ အလုပ်အကိုင်ရှာဖွေသူများနှင့် အလုပ်သမားများအား အလုပ်အကိုင် ဆိုင်ရာကျွမ်းကျင်မှုစံများနှင့် ကိုက်ညီမှုရှိစေရေးအတွက် လေ့ကျင့်သင်ကြားပေးရန် တည်ထောင် ဖွင့်လှစ်ထားသောကျောင်းဟုဆိုသည်လို့ ပြင်ဆင်တင်သွင်းပါတယ်။ နောက် အခန်း(၂)ပါရှင်။ အခန်း(၂) အပိုဒ် ၃ မှာတော့ စာမျက်နှာ ၃ ပါရှင်။ မူလပြဋ္ဌာန်းချက်မှာတော့ ဝန်ကြီးဌာနသည် အလုပ်အကိုင်ရှာဖွေသူ၏ အသက်အရွယ်၊ စွမ်းအား၊ သင့်လျော်သည့် အလုပ်အကိုင်ရွေးချယ်ရေးနှင့် အလုပ်အကိုင်ရရှိရေး၊ အလုပ်ခွင်တည်မြဲရေးနှင့် ကျွမ်းကျင်မှုတိုးတက်ရေးတို့တွင် ကူညီရန်သော် လည်းကောင်း၊ သင့်လျော်သော အလုပ်သမားရရှိရေးအတွက် အလုပ်ရှင်များအား ကူညီရန်သော် လည်းကောင်း လွယ်ကူမှုအခွင့်အလမ်းများနှင့် လုပ်ငန်းဆောင်တာများကို စီမံထားရှိရမယ်လို့ ပါပါတယ်။ အမျိုးသားလွှတ်တော်ကတော့ မူလပြဋ္ဌာန်းချက်အတိုင်းဖြစ်ပြီးတော့ ကျွန်မလုပ်ငန်း ဒီမှာ အနည်းငယ်ဖြည့်စွက်ထားပါတယ်။ ဝန်ကြီးဌာနသည် အလုပ်အကိုင်ရှာဖွေသူ၏ အသက်အရွယ်၊ စွမ်းအားနှင့် သင့်လျော်သည့် အလုပ်အကိုင်ရွေးချယ်ရေးနှင့် အလုပ်အကိုင်ရရှိရေး၊ အလုပ်ခွင်တည်မြဲ ရေးနှင့် ကျွမ်းကျင်မှုတိုးတက်ရေးတို့တွင် ကူညီရန်သော်လည်းကောင်း၊ လုပ်ငန်းခွင်နှင့် ကိုက်ညီ သင့်လျော်သော အလုပ်သမားရရှိရေးအတွက် အလုပ်ရှင်များအား ကူညီရန်သော်လည်းကောင်း လွယ်ကူသော အခွင့်အလမ်းများနှင့် လုပ်ငန်းများကို စီမံထားရှိရမယ်လို့ အဲဒီစာပိုဒ်မှာတော့ လုပ်ငန်းခွင်နဲ့ ကိုက်ညီဆိုတဲ့စကားလေး ဖြည့်စွက်ထားပါတယ်ရှင်။ နောက် စာမျက်နှာ ၇ ပါရှင်။ အခန်း(၄)ပါ။ အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ)ပါ။ အပိုဒ်ခွဲငယ်(၆)ပါ။ မူလပြဋ္ဌာန်းချက်မှာတော့ အလုပ်အကိုင် ဆိုင်ရာကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယှဉ်ပြိုင်ပွဲများ ပြုလုပ်ခြင်းလို့ ပါပါတယ်။ အမျိုးသား

လွှတ်တော်ကတော့ မူလပြဋ္ဌာန်းချက်အတိုင်းလို့ ရေးထားပါတယ်။ ကျွန်မအနေနဲ့ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆင့်အလိုက်သတ်မှတ်၍ ပြိုင်ပွဲများပြုလုပ်ခြင်းလို့ ဖြည့်စွက်ထားပါတယ်ရှင်။ နောက် စာမျက်နှာ ၇ မှာပါပဲ။ အခန်း(၄) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၇)မှာ အသစ်ထည့်ထားပါတယ်။ အဲဒါကတော့ ပြိုင်ပွဲမှာက ထူးချွန်သူဖြစ်ကြောင်း လက်မှတ်ထုတ်ပေးခြင်း ပါရှိပါတယ်။ ကျွန်မအနေနဲ့ လွှတ်တော်မှ အတည်ပြုနိုင်ရန်အတွက် လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ဒီနေရာမှာ ကျွန်မဒီဥပဒေနဲ့ပတ်သက်ပြီး အနည်းငယ်ဖြည့်စွက်လိုတာလေးကို ဆက်လက်တင်ပြလိုပါတယ်။ မူလဥပဒေကြမ်းမှာ အခန်း(၂) အပိုဒ် ၅ အပိုဒ်ခွဲ(ခ) ကနေ (ဃ)မှာ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ရပ်စဲရန်ဆိုတဲ့ စကားလုံးဟာ ပါလာပါတယ်။ အဲဒီ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ရပ်စဲရန်ဆိုတဲ့ စကားလုံးဟာ အားလုံးကို ခြုံပြောသလို ဖြစ်နေပါတယ်။ ဥပမာ အစိုးရရဲ့မူဝါဒကြောင့် လုပ်ငန်းရပ်စဲမယ်ဆိုရင် ယခု စတင်ပြဋ္ဌာန်းတဲ့ဥပဒေကို တင်သွင်းတဲ့အခါ အလုပ်သမားဝန်ကြီးဌာနအနေနဲ့ စဉ်းစားစေလိုပါတယ်။ ကျွန်မတို့ လုပ်ငန်းရှင်က အစိုးရကိုပဲ ပြောရမလား။ ဝန်ကြီးဌာနကပဲ ဖြေရှင်းပေးပါလို့ ခေါင်းလွှဲရ မလား ဖြစ်လာပါမယ်။ ဒီ အခြေအနေမျိုးမှာ လုပ်ငန်းရှင်က အလုပ်သမားအား သတ်မှတ်နစ်နာကြေး ပေးရန် ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုဆုံးဖြတ်ပေးပါမလဲ။ အလုပ်ရှင်နစ်နာမှုရှိသလို လုပ်ပေးစရာမရှိ တော့တာကို ဘယ်လိုဖြေရှင်းပေးမလဲဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။ တစ်ခုတော့ ရှိပါတယ်။ အလုပ်သမားအလုပ်ပြုတ်သလို အလုပ်ရှင်နစ်နာမှုလည်း ရှိနေတဲ့အခါ မူလစာချုပ်ချုပ်ဆိုချိန် ကတည်းက ဒီအချက်ကို ထည့်သွင်းစေလိုပါတယ်။ မမျှော်လင့်သော အကြောင်းကြောင်းကြောင့် ပြောရုံနဲ့တော့ မပြည့်စုံတော့ပါဘူး။ သဘာဝဘေးဒဏ် ကြောင့်ပဲဖြစ်စေ။ မူဝါဒနဲ့သွေဖည်တဲ့ အတိုင်းအတာတစ်ခုပဲဖြစ်စေ။ တိုင်းပြည်လိုအပ်ချက်ကြောင့်ပဲ ဖြစ်စေ ဘာပဲဖြစ်ဖြစ် ရပ်စဲမှုများကို အလုပ်ရှင်နဲ့ အလုပ်သမားကဏ္ဍမှာ အလုပ်ရှင်က အလုပ်သမားကို သတ်မှတ်ပေးတဲ့ နစ်နာကြေးပေး ရန်ဆိုတဲ့နေရာမှာ ဝန်ကြီးဌာနက ဖြေရှင်းပေးဖို့ လိုအပ်လာမှာပါ။ ဒါကြောင့် နောက်ဆက်တွဲဥပဒေနဲ့ နည်းဥပဒေတွေမှာ ထည့်သွင်းပြဋ္ဌာန်းပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါ တယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဝင်းမော်ထွန်းရဲ့ အဆိုပြုတင်ပြချက်များကို ဥပဒေကြမ်း ကော်မတီက သဘောတူပါသလား။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ သဘောတူပါသလား။

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်တင်ပြရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်တင်ပြရန် မရှိတဲ့အတွက် ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်းတင်သွင်းတဲ့ ပြင်ဆင် အဆိုပြုချက် ၅ ခုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ တင်ပြဆွေးနွေး အတည်ပြုချက်ရယူတဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဒီဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာနမှ ဆောင်ရွက်ထားမှုနဲ့ ဆောင်ရွက်နေမှုများကို လွှတ်တော်ကို အကျဉ်းချုံးတင်ပြပေးဖို့ ပြည်ထောင်စုဝန်ကြီးကို ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေကြမ်း ကော်မတီနဲ့ မေးမြန်းသွားတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်နဲ့ ဒေါ်ဝင်းမော်ထွန်းတို့ကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြပါရစေ။ ကျွန်တော်တို့ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ ဥပဒေ ၁၇ ခု ပြဋ္ဌာန်းဖို့ရှိတဲ့နေရာမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်များမှ ဥပဒေသုံးခု ကျွန်တော်တို့ အတည်ပြုပြီး ဖြစ်ပါတယ်။ ဒီဥပဒေနှစ်ခုကိုလည်းပဲ ကျွန်တော်တို့ လွှတ်တော်များကို တင်ပြထားပြီး ဖြစ်ပါတယ်။ နောက်ထပ်ဥပဒေ ၁၂ ခု ရေးဆွဲဖို့ ကျန်ရှိနေပါသေးတယ်။ အဲဒီဥပဒေတွေကိုလည်း ဝန်ကြီးဌာန level မှာပဲ ကျွန်တော်တို့ မူကြမ်းများ ရေးဆွဲခဲ့ပြီးတော့မှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း ကျွန်တော်တို့ တင်ပြထားပါတယ်။ လက်ရှိတင်ပြထားတဲ့ အလုပ်အကိုင်နဲ့ ကျွမ်းကျင်ဝန်ထမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအနေနဲ့ ၁၉၅၀ ခုနှစ် အလုပ်အကိုင်နဲ့ သင်ကြားလေ့ကျင့်ရေးအက်ဥပဒေ ဆိုတာပေါ်မှာ အခြေခံပြီးတော့မှ ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေဖြစ်ပေါ်လာဖို့အတွက် ယခင် ဝန်ကြီးဟောင်းဖြစ်တဲ့ ဦးအောင်ကြည်လက်ထက်မှာ စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီးတော့ ဒီဥပဒေ များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ကျွမ်းကျင်မှုရှိတဲ့ ဝန်ကြီးဌာနများက ပုဂ္ဂိုလ်များကို ဖိတ်ကြား၍ သော်လည်းကောင်း၊ အလားတူပဲ ရန်ကုန်မှာ Workshop တွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။ ဒီ Workshop များမှာလည်း အလုပ်သမားအရေးမှာ ကျွန်တော်တို့ စိတ်ပါဝင်စားစွာနဲ့ ဆောင်ရွက်နေတဲ့

ပုဂ္ဂိုလ်များအားလုံးကို ဖိတ်ကြားပြီးတော့မှ သူတို့ရဲ့ Input တွေကို ထည့်သွင်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ဥပဒေကြမ်းကို ILO ကို ကျွန်တော်တို့ ဥပဒေကြမ်းအဆင့်မှာပဲ ပေးပို့ပြီးတော့ ILO Convention များနဲ့ ကိုက်ညီမှု ရှိ၊ မရှိကို ILO ရဲ့ ဆန်းစစ်မှုကိုလည်း ကျွန်တော်တို့ ယူပြီးဖြစ်ပါတယ်။ ILO ကလည်း ၎င်းတို့ရဲ့ Convention များနဲ့ ကိုက်ညီမှုရှိတယ်လို့ ဆိုတဲ့အချိန်ကျမှ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနအတွင်းမှာ Final Draft လုပ်ပြီးတဲ့ အချိန်မှာ ကျွန်တော်တို့ ရှေ့နေချုပ်ရုံးကို ပေးပို့ပါတယ်။ ပြီးလို့ရှိရင် အစိုးရအဖွဲ့ကို တင်ပြပြီးတော့မှ အစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်ကို ရောက်ရှိလာကြောင်းလည်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်ဝင်းမော်ထွန်း တင်ပြရှင်းလင်းသွားတဲ့ ကျွန်တော်တို့ တချို့သော အကြောင်းကြောင်းများဆိုတဲ့ အချက်ဟာ မရှင်းလင်းဘူးဆိုရင်လည်း ကျွန်တော်တို့ဒါကို နည်းဥပဒေမှာ ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အလျဉ်းသင့်လို့ တင်ပြလိုတာကတော့ လူမှုဖူလုံရေးဥပဒေဟာ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ နည်းဥပဒေကို ရက် ၉၀ အတွင်း မှာ ထုတ်ရမယ်ဆိုပေမယ့်လည်း ဒီလူမှုဖူလုံရေးရဲ့ နည်းဥပဒေဟာ အင်မတန်ရှုပ်ထွေး များပြားပါတယ်။ လုပ်ဆောင်ဖွယ်ရာတွေဟာလည်း အများကြီးဖြစ်ပြီးတော့မှ ကျွန်တော်တို့ Government ဘက်မှာ လည်း Commitment တွေက အများကြီးရှိတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရက် ၉၀ အတွင်းမှာ မထုတ်နိုင်သေးဘဲနဲ့ ယခုအချိန်အထိ ကျွန်တော်တို့ ကြိုးစားပြီးတော့မှ ကျွန်တော်တို့ အဆင့်ဆင့် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ ကျန်နေတဲ့အချက်တွေကတော့ အိမ်ရာစီမံကိန်းတွေမှာ ဆိုလို့ရှိရင် ဆောင်ရွက်ပေးမယ်လို့ ဥပဒေထဲမှာ ပြဋ္ဌာန်းခဲ့ပေမယ့် လက်တွေ့လုပ်ဆောင်တဲ့အခါမှာ သူတို့တွေဆီကငွေကို ကောက်ခံပြီးတော့မှ သူတို့ကို ပြန်ပြီးတော့ အိမ်ရာစီမံပေးရမှာ ဖြစ်တဲ့အတွက် ကြောင့်မို့လို့ သူတို့ရဲ့လုပ်ခလစာနည်းတယ်။ အဲဒီ အထဲကမှ ရာခိုင်နှုန်းနည်းနည်းပဲ ကောက်နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူတို့ရဲ့ အိမ်ရာစီမံကိန်းဟာ လက်ရှိအနေအထားအထိ ဒါဆောင်ရွက် ပေးနိုင်ဖို့အတွက် ကြိုးစားပြီးတော့ စဉ်းစားဆောင်ရွက်နေတဲ့ အနေအထားပဲ ဖြစ်ပါတယ်။ အလားတူပဲ လုပ်ကိုင်တဲ့ကျွမ်းကျင်မှုဥပဒေကိုလည်း ကျွန်တော်တို့က နည်းဥပဒေအဖြစ်နဲ့ ရက် ၉၀ အတွင်း ပြဋ္ဌာန်း ရမှာဖြစ်ပါတယ်။ အဲဒီတော့ စောစောက ဒေါ်ဝင်းမော်ထွန်း ရှင်းလင်းတင်ပြသွားသလို အချက် တွေကိုလည်း ကျွန်တော်တို့က နည်းဥပဒေမှာ ထည့်ပါမယ်။ နည်းဥပဒေကို မထည့်ခင်မှာ ကျွန်တော်တို့ က ဒါတွေကိုလည်း Draft လုပ်ပါတယ်။ လက်ရှိအနေအထားမှာ ကျွန်တော်တို့ လုပ်ထားပြီး ဖြစ်ပါတယ်။ အဲဒီ Draft များကို စိတ်ဝင်စားတဲ့ သူများကို သူတို့ရဲ့ Suggestion တွေကို ပေးပို့နိုင်ဖို့

အတွက်ကို ကျွန်တော်တို့ မေတ္တာရပ်ခံပြီးတော့မှ ပေးပို့သွားမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီလို နည်းဥပဒေပြဋ္ဌာန်းပြီးလို့ရှိရင်တော့ စောစောက ဒေါ်ဝင်းမော်ထွန်းပြောသွားသလိုပဲ ကျွန်တော်တို့က Implementation အနေနဲ့ တစ်နှစ်အတွင်းမှာ လုပ်ပါ့မယ်ဆိုတဲ့ဟာတွေလည်း ကျွန်တော်တို့ကတော့ နည်းနည်းစဉ်းစားပြီး လုပ်ခဲ့တာပါ။ သို့သော် တစ်နှစ်မကြိုက်ဘူး။ သုံးလဆိုရင်လည်း ကျွန်တော်တို့ သုံးလနဲ့ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာတော့ ကျွန်တော်တို့ရဲ့ဒီဥပဒေမှာ လိုက်နာရမယ့်ဟာ တွေရှိပါတယ်။ အဓိကကတော့ Employment Contract လို့ခေါ်တဲ့ ကျွန်တော်တို့ စာချုပ်ချုပ် ရမယ့်ကိစ္စဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ FDI က လာတဲ့ အလုပ်ရှင်တွေတော်တော်များများကတော့ Employment Contract နဲ့ သူတို့က အသားကျနေပါပြီ။ ဒါပေမယ့် ပြည်တွင်းလုပ်ငန်းရှင်များ အနေနဲ့ Employment Contract နဲ့ ချုပ်ဆိုပြီး လုပ်တာတွေက အများစုဖြစ်နေပါသေးတယ်။ ဒါတွေ အတွက်ကို ကျွန်တော်တို့က အချိန်တစ်ချိန်လိုတယ်လို့ ယူဆတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က တစ်နှစ်သတ်မှတ်ထားတာဖြစ်ပါတယ်။ သို့သော်လည်း Employment Contract မြန်မြန်ချုပ်နိုင် ခြင်းသည် အလုပ်သမားတွေကို ကာကွယ်ပေးရာရောက်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကတော့ဖြင့် သုံးလဆိုတာကိုလည်း ကျွန်တော်တို့က ကျေနပ်ပါတယ်။ ကန့်ကွက်စရာ မရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီဥပဒေကို ကျွန်တော်တို့ လွှတ်တော်နှစ်ရပ်က အတည်ပြုပြီးတော့မှ ပြည်ထောင်စု လွှတ်တော်ကလည်း အတည်ပြုပြီးလို့ရှိရင် နည်းဥပဒေကို သတ်မှတ်ထားတဲ့ ရက် ၉၀ အတောအတွင်း မှာ ပြဋ္ဌာန်းနိုင်ဖို့နဲ့ နည်းဥပဒေကိုလည်း ကျွမ်းကျင်သူများကနေ စိတ်ပါဝင်စားသူများကနေ Input များ ထည့်ပေးနိုင်ဖို့အတွက် ဆက်လက်ဖြန့်ဝေပြီးတော့မှ ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်မှ တစ်ဆင့်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်အကိုင်ရရှိရေးနဲ့ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက် အဆိုတင်သွင်း ခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများနဲ့ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့မှ ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို ဝန်ကြီးဌာန၏ အဆိုပြုချက် အတိုင်း အတည်ပြုထားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာ ဖြစ်ပါ တယ်။ ဒါကြောင့် အလုပ်အကိုင်ရရှိရေးနဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ပေးပို့လာတဲ့ အလုပ်အကိုင်ရရှိရေးနဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး နဝမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် ၁၀း၀၀ နာရီမှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၂း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၂း၂၅ နာရီအချိန်တွင်ရပ်နားပါသည်။]